မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား

နေ့ရောညည်းပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။

ပဂိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)

၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက် ၂၀၂၅ ခုနှစ်၊ မတ် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၆၄)၊ အမှတ် (၁၆၃)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံစီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် နိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဿနာများနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာအထူးကိုယ်စားလှယ် H. E. Mr. Deng Xijun အား လက်ခံတွေ့ဆုံစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာအထူးကိုယ်စားလှယ် H. E. Mr. Deng Xijun အား လက်ခံတွေ့ဆုံ

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်၌ တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေး

နေပြည်တော် မတ် ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Deng Xijun အား ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ စာမျက်နှာ ၆ ကော်လံ ၁ ၀

ယနေ့ ဖတ် စ ရာ

ခိုင်မာသော ယုံကြည်ချက်နှင့်အတူ — ဆောင်းပါး စာ ၈

ကမ္ဘောဒီးယားနိုင်ငံသို့ ဇန်နဝါရီလအတွင်း နိုင်ငံခြား ခရီးသွားဝင်ရောက်မှု ၁၃ သန း ၃ ရာခိုင်နှုန်းမြင့်တက် — နိုင်ငံတကာသတင်း စာ ၁၄

ပညာရှင် ရှေးဆေးသမား၊ ကျေးဇူးတရားမမေ့ငြား ရှေးတိုင်းရင်းဆေးသမားတော်ကြီးများအကြောင်း သိကောင်းစရာ — ဆောင်းပါး စာ ၁၆

၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

☆ ဒို့တာဝန်အရေး (၃) ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏ အဓိကလုပ်ငန်းကြီး (၃) ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

☆ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ရာတွင် ဇွဲစည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

☆ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လှုမှုဘဝလုံခြုံရေးနှင့် လှုမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

☆ ဒီမိုကရေစီနှင့်ဗဟိုဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များကူညီဆောင်ရွက်ပေးရေး။

ပုခက်လွဲသော လက်များ

● ပင်ကိုမူရာ၊ နူးညံ့စွာမို့
ဘာသာဘာဝ၊ လှချင်ကြ၍
ခြယ်သကြပေ၊ နုနွဲ့လေလည်း
စာပေထင်ရှား၊ နှုတ်စကားတို့
တင်စားပြက်ပြက် စဉ်မပျက်သည့်
ပုခက်လွဲသော လက်ပိုင်ရှင်များ...။

● မိန်းမစာဆို၊ ညွှန်းဖွဲ့လို၏
မိညို့မိဖြူ၊ နန်းတွင်းသူနှင့်
မှတ်ယူမယ်ခွေ၊ ရှေးပဝေက
စာပေခေတ်သက်၊ အဆက်ဆက်ဝယ်
မပျက်ထွန်းပေါ်၊ ကျော်မြဲကျော်သည်
တော်တတ်သိသား အမျိုးသမီးများ။

● ကမ္ဘာ့စာပေ၊ ရွှင်ကြည့်ချေလည်း
လေရူးသုန်သုန်၊ တစ်ဖုံသိကြ
မူလရေးသူ၊ ဖန်တီးသူမှာ
မာဂရက်မစ်ချယ် မိန်းမသား
ကမ္ဘာတစ်လွှား လွန်ထင်ရှား။

● ရှေးယခင်မှ၊ ခုကာလထိ
ကမ္ဘာ့မော်ကွန်း၊ ထင်ပေါ်ထွန်းသည်
အမွမ်းတင်ထား၊ မိန်းမများဝယ်
ထင်ရှားပေစွ၊ မြန်မာမတို့
ကာယဉာဏ၊ အစစဝယ်
ညွှန်းပြစရာ၊ များလှစွာတည့်။

● မကြာမီက၊ အောင်ပွဲရ၍
မြန်မာ့သတင်း၊ ဂုဏ်ရောင်ဝင်း၍
ထင်လင်းကျော်ကြား၊ မြန်မာမိန်းမသားတို့
ဖလားပိုက်ကာ ပျော်ရွှင်ပြုံး
မှတ်ကျောက်တင်ခဲ့ သည်ဘောလုံး။

● သြော်...
တော်ကြတတ်ကြ၊ နှလုံးလှနှင့်
မြန်မာ့မြေဖွား၊ မိန်းမသားဟု
ထင်ရှားဖြစ်တည် အလီလီသို့
ချိုကြည်ခွန်းမြ ကဗျာလှဖြင့်
မှန်းဆ အလေးပြုပါကြောင်း...။

ဘိုမျိုး(ရွှေဘို)

၁၁ - ၃ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၁၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၄၈၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် – စိုးစိုးနိုင်
စာတည်းမှူး – မြင့်စိုး
စာတည်းများ – ဝင်းကျော်၊ ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း – မြူးစန်နေး၊ တင်လင်းအောင်
သုတေသန – အိအိခင်နှင့် အဖွဲ့
စာပြင် – ဇော်မင်းသန်းနှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့
သတင်းထောက်မှူး – ခင်ရတနာ
အကြီးတန်း – ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊
သတင်းထောက်များ – ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အယ်ဒီတန်း – ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
သတင်းထောက်များ
ဓာတ်ပုံသတင်းထောက် – တင်စိုး
အီးမေးနှင့် အွန်လိုင်း – သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၃၊ ဖက်စ် ၀၆၇-၃၆၁၄၄၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ ဒုလမ်းမကြီး(၁)၊ ဒဂုံလျှို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ဌေးရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁-၅၅၉၁၂၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ဆုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by MPE
www.mdn.gov.mm

မြန်မာ့အလင်း

ခေတ်သစ်ကမ္ဘာနှင့်အမီ

လွတ်လပ်ရေးရပြီးနောက် ၇၇ နှစ်တာ ကာလအတွင်း မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ခွင့်မရခဲ့။ ဒုတိယကမ္ဘာစစ် ပြီးဆုံးသွားပြီးနောက် ကိုလိုနီဘဝမှ လွတ်မြောက်ခဲ့သော နိုင်ငံများစွာရှိသည့်အနက် နိုင်ငံရေးတည်ငြိမ်ပြီး ပြည်တွင်းပဋိပက္ခများ နည်းပါးသည့် နိုင်ငံများမှာ တစ်ဆင့်ပြီးတစ်ဆင့် ဖွံ့ဖြိုးတိုးတက်ခဲ့ကြရာ ယခုအချိန်တွင် မိမိတို့နိုင်ငံထက် များစွာသာလွန်သွားခဲ့ကြပြီဖြစ်သည်။

စင်စစ်မြန်မာနိုင်ငံသည် ဖန်ဆင်းရှင်က မျက်နှာသာပေးခဲ့သည်ဟု ဆိုရလောက်အောင်ပင် ရေ၊ မြေ၊ ရာသီဥတု၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတများစွာ ပိုင်ဆိုင်ထားသည်။ ယင်းသယံဇာတများကိုအသုံးချကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည့် လူသားအရင်းအမြစ်များလည်း ရှိသည်။ သို့ရာတွင် မိမိတို့နိုင်ငံသည် လွတ်လပ်ရေးနှင့်အတူတွဲကာ ကျိန်စာပါလာသည့်နှယ် အကွဲအပြဲများနှင့် ပဋိပက္ခများက လွတ်လပ်ရေးရပြီး မရှေးမနှောင်း ကာလအနည်းငယ်အတွင်း ဖြစ်ပေါ်လာသည်။ နယ်ချဲ့လက်အောက်တွင် ပြည်မနှင့်ယှဉ်ပါက အဆင့်နိမ့်အုပ်ချုပ်ခြင်းကို ခံခဲ့ရသည့် တောင်တန်းပဒေသရာဇ်အကြွင်းအကျန်များ၊ လက်ဝဲအယူသီး ကွန်မြူနစ်များ၊ မျက်နှာဖြူအလိုတော်ရိ တိုင်းရင်းသားခေါင်းဆောင်များနှင့် ဒုတိယကမ္ဘာစစ်လက်ကျန် လက်နက်များကိုင်ဆောင်ကာ ကိုယ့်အယူအဆနှင့်ကိုယ် ပုန်ကန်ကြသူများ စသည်ဖြင့် ရောင်စုံသောင်းကျန်းသူတို့ ထကြွသောင်းကျန်းခဲ့ကြရာ ဆယ်စုနှစ်များနှင့်ချီ၍ ကြာသည်။

၁၉၇၀ ပြည့်လွန်နှစ်များတွင် မြစ်ဝကျွန်းပေါ်၊ ပဲခူးရိုးမတို့အပါအဝင် ပြည်တွင်းဒေသအများအပြားတို့တွင် တည်ငြိမ်အေးချမ်းမှုရရှိခဲ့သော်လည်း နယ်စပ်ဒေသများနှင့် ဝေးလံခေါင်သီဒေသများတွင် ကွန်မြူနစ်အကြွင်းအကျန်များ၊ လူမျိုးစုအမည်ခံ ဘိန်းရာဇာနှင့် မူးယစ်ဆေးဝါး မှောင်ခိုလက်နက်ကိုင်များ၊ မှောင်ခိုပစ္စည်း အကောက်ဂိတ်ဖွင့် စီးပွားရှာနေသည့် လူမျိုးစုသောင်းကျန်းသူအဖွဲ့အစည်းတို့ ကျန်ရှိနေခဲ့သည်။ ကမ္ဘာတွင် စစ်အေးကာလအတွင်း ဘက်မလိုက်နိုင်ငံအဖြစ် ရပ်တည်ခဲ့သည့် မိမိတို့နိုင်ငံမှာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ့်အား ကိုယ်ကိုးခဲ့ရပြီး တားဆီးပိတ်ဆို့မှုများနှင့် ရင်ဆိုင်ခဲ့ရခြင်း၊ စီမံကိန်းစီးပွားရေးစနစ်အတွင်း စီမံခန့်ခွဲမှုများ အားနည်းချွတ်ချော်ခဲ့ခြင်းအပါအဝင် အခြားအကြောင်းတရားများကြောင့် ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးအခြေအနေသို့ ကျရောက်သွားခဲ့ရသည်။

ထိုကာလသည် ကမ္ဘာပေါ်တွင် လက်ဝဲဝါဒ ကျဆုံးကာ စစ်အေးတိုက်ပွဲပြီးဆုံးသွားချိန်ဖြစ်ပြီး တစ်ချိန်က ဆိုရှယ်လစ်၊ ကွန်မြူနစ်နှင့် စီမံကိန်းစီးပွားရေးကျင့်သုံးခဲ့သည့် နိုင်ငံများစွာတို့ ဒီမိုကရေစီနှင့် စျေးကွက်စီးပွားရေးလမ်းကြောင်းပေါ်သို့ လိုက်လာကြသည့် ကာလလည်းဖြစ်ကာ မိမိတို့နိုင်ငံတွင်လည်း ပြည်သူတို့၏ ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်းအပါအဝင် လိုအပ်သော အခင်းအကျင်းများ ဖြစ်ပေါ်လာစေရေးအတွက် တပ်မတော်အစိုးရက ဦးဆောင်အကောင်အထည်ဖော်ခဲ့ချိန်ဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်အဆက်ဆက် အစိုးရတို့ ဆောင်ရွက်ခဲ့ရာတွင် ပြည်တွင်းမှ အဖျက်အမှောင့်များ အပြင် ပြည်ပမှ တားဆီးပိတ်ဆို့မှုများကြောင့် ခရီးမတွင်ခဲ့။ ထို့အပြင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် ပြည်ပအကူအညီ နည်းပါးခြင်းကြောင့်လည်း ဖွံ့ဖြိုးမှုအတွက် ရုန်းထအားကို မရနိုင်ခဲ့။

၇၇ နှစ်တာ ကာလအတွင်း မိမိတို့နိုင်ငံခေါင်းဆောင်အဆက်ဆက်၊ အစိုးရအဆက်ဆက်နှင့် ပြည်သူအဆက်ဆက်တို့ မျှော်လင့်တောင့်တခဲ့ကြသည့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းသာယာဝပြောမှုတို့ကို ယနေ့မိမိတို့ မျိုးဆက်များလည်း မျှော်မှန်းကြရမည်ဖြစ်သလို နိုင်ငံတော်အစိုးရနှင့်လည်း အတူတကွ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ကမ္ဘာ့အချက်အချာ အပြောင်းအလဲတွင် မိမိတို့မြန်မာနိုင်ငံ၏ မိတ်ရင်းဆွေရင်း၊ မိတ်ကောင်းဆွေကောင်းနိုင်ငံများမှာ ကမ္ဘာ့ထိပ်တန်းနိုင်ငံများအဖြစ် ပေါ်ထွက်လာနေပြီဖြစ်ရာ ပြည်တွင်း၌ ငြိမ်းချမ်းရေးကို မဖြစ်မနေ တည်ဆောက်ပြီး ခေတ်သစ်ကမ္ဘာကို အမီလိုက်ကြရပါမည့်အကြောင်း။ ။





ကပ်လှူပူဇော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး အတွင်းရှိ မာရဝိဇယ နောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ ကပ်လှူပူဇော်စဉ်။

၂၀၂၅ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူတော်မူမည့် ဆရာတော်ကြီးများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ နေ့ဆွမ်းဆက်ကပ်လှူဒါန်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဇ သန်လျင်မင်းကျောင်း ဆရာတော် ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသ ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မဟိုရိဝ်တိုက်သစ် မဟာနာယက မဓုသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဇ မဟာမဓုကထိက ဗဟုဇနဟိတရေ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသ ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော် မတ် ၁၁

၂၀၂၅ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူတော်မူမည့် ဆရာတော်ကြီးများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ် အတွင်းရှိ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညိုု

အခမ်းအနားသို့ အထူးပင့်ဖိတ်ထားသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဇ သန်လျင်မင်းကျောင်း ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ စာမျက်နှာ ၄ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဆွေနှင့်ဇနီး သုံးဆယ်မြို့ မဟာထူပါရုံစာသင်တိုက် အဘိဓေမဟာရဋ္ဌဂုရု ဘဒ္ဒန္တပညော ဘာသ ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး ဗဟန်းမြို့ နယ် မဟာဝိသုဒ္ဓါရုံ (ပါဠိတက္ကသိုလ်) ရွှေကျင်တိုက်သစ် အဘိဓေမဟာရဋ္ဌဂုရု ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

စာမျက်နှာ ၃ မှ

အကျိုးတော်ဆောင် မန္တလေးမြို့ မဓိုးရိမ်တိုက်သစ် မဟာနာယက မမွှသမိဒ္ဓိ ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာမဟ ကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌ ဘိဝံသတို့အမျှးပြုသည့် ပြည်တွင်း၊ ပြည်ပဘွဲ့ခံ ဆရာတော် ၁၁၈ ပါးနှင့် ဘွဲ့ခံ သီလရှင်ဆရာကြီးနှစ်ပါးတို့ ကြွရောက် ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့်ဇနီးတို့နှင့်အတူ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက် အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များ နှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ် များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး နှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညို ကြသည်။

ကပ်လှူပူဇော်

အခမ်းအနား မစတင်မီ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က အဂ္ဂါမိပတိသာသနာ့ ဗိမာန်တော်ကြီးအတွင်းရှိ မာရဝိဇယ နောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြေသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကပ်လှူ ပူဇော်သည်။

ပရိတ်တရားတော်များနာယူ

ထို့နောက် အခမ်းအနားကို “နမော တဿ” သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး အမှူးပြုသော ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ဘုရား ကြီးထံမှ ငါးပါးသီလခံယူဆောက်တည် ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ဖွဲ့သရဇ္ဈာယ်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြည်ညို ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် နှင့်ဇနီးတို့က နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ဘုရားကြီးထံသို့ လည်းကောင်း၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် နှင့်ဇနီးတို့က *စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညီစောနှင့်ဇနီး မန္တလေးမြို့ တောင်စလင်းတိုက်သစ် ဘဝနာဌာနကျောင်းတိုက် အဘိဓေအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တတိက္ခ ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင် ပန်းတနော်မြို့ သာသနာ့ဟိတာရာမ ပုခန်းကျောင်းတိုက် အဘိဓေအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တ ပညာသာမိ ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းနှင့်ဇနီး မန္တလေးမြို့ ပတ္တမြားကျောင်းတိုက် အဘိဓေမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ပညာဓောတာဘိဝံသ ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ ဘရွှေ ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ညီနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

စာမျက်နှာ ၄ မှ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မဟိုရိမ်တိုက်သစ် မဟာနာယကဆရာတော်ကြီးထံသို့ လည်းကောင်း၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ အခမ်းအနားသို့ တက်ရောက်လာသည့် အကြီးအကဲများက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်ကြီးများထံသို့ လည်းကောင်း လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးက ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် သီလရှင်ဆရာကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ရေစက်သွန်းလောင်းအမျှပေးဝေ

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မဟိုရိမ်တိုက်သစ် မဟာနာယကဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြပြီး “ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု” သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီးနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မဟိုရိမ်တိုက်သစ် ဆရာတော်ကြီးတို့အမှူးပြုသည့် ၂၀၂၅ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ကော်ရော် အပူဇော်ခံတော်မူကြမည့် ပြည်တွင်း၊ ပြည်ပဘွဲ့ခံဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဆရာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။



ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ သီလရှင်ဆရာကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

မော်လမြိုင်၌ ဆန်စက်လုပ်ငန်းဆောင်ရွက်

မော်လမြိုင် မတ် ၁၁

စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများ ပိုမိုအားကောင်းလာရေး၊ ဒေသထွက်သီးနှံများ ကုန်ချောအဖြစ် ပိုမိုထုတ်လုပ်နိုင်ရေး၊ သမဝါယမအသင်းများမှ အသင်းသားများ၏ ရင်းနှီးငွေလိုအပ်ချက်နှင့် စျေးကွက်ရရှိရေးတို့အတွက် သမဝါယမဦးစီးဌာနအနေဖြင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိရာ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ အောင်ကောင်းစံဆန်စက်လုပ်ငန်းရှင်များ၊ သမဝါယမအသင်းလီမိတက်မှ အသင်းသားများ၏ ဆန်စက်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ယနေ့ နံနက်ပိုင်းတွင် ပြည်နယ်သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများက ဆန်စက်များသို့ ကွင်းဆင်းကြည့်ရှုပြီး ဆန်ကြိတ်ခွဲဆောင်ရွက်နေမှုအခြေအနေနှင့် စပ်လျဉ်း၍ လိုအပ်ချက်များအပေါ် ဆွေးနွေးညှိနှိုင်းဆောင်ရွက်သည်။

အောင်ကောင်းစံဆန်စက်လုပ်ငန်းရှင်များ၊ သမဝါယမအသင်းလီမိတက်မှ အသင်းသားများက ပြည်နယ်နိုင်ငံစီးပွားဖြင့်တင်ရေးရန်ပုံငွေမှ ငွေကျပ်သိန်း ၁၀၀၀ ပုံပိုးငွေရယူလျက် စပါးကြိတ်ခွဲမှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ဆန်စက်မှ ဒေသတွင်းထွက်ရှိသောစပါးများကို ဝယ်ယူကြိတ်ခွဲ၍ မော်လမြိုင်နှင့် ပေါင်မြို့နယ်အတွင်း ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဖွင့်

လွိုင်လင် မတ် ၁၁

ရှမ်းပြည်နယ် (တောင်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ ကျောင်းသား ကျောင်းသူလေးများ နွေရာသီအားလပ်ချိန်တွင် အချိန်ကို အကျိုးရှိအောင် အသုံးချတတ်စေရန်နှင့် ယဉ်ကျေးလိမ္မာစွာ ပြောဆို ဆက်ဆံတတ်စေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ Community Centre ခန်းမ၌ ယနေ့ နံနက်ပိုင်းမှ စတင်၍ ဖွင့်လှစ်ပို့ချပေးသည်။

အဆိုပါ သင်တန်းကို မတ် ၁၁ ရက်မှ စတင်ကာ မတ် ၂၅ ရက်အထိ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်၍ သင်တန်းနည်းပြဆရာလေးဦးဖြင့် သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၀၀ တက်ရောက်ကြောင်း သိရသည်။ **အယ်မင်း(လွိုင်လင်)**



အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ် စွမ်းရည်မြင့်မားအမျိုးသမီးပြိုင်ပွဲဝင်များအား ဆုချီးမြှင့်

ရန်ကုန် မတ် ၁၁

ဝါသနာရှင်အသင်းက ကြီးမှူးရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာ ကျင်းပသည့် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ် စွမ်းရည်မြင့်မားအမျိုးသမီးများ TikTok ပြိုင်ပွဲတွင်ဆုရရှိခဲ့သော ပြိုင်ပွဲဝင်များအား ဆုချီးမြှင့်ပွဲအခမ်းအနားကို မတ် ၉ ရက်က အလုပ်မြို့နယ်ရှိ My Garden ၌ ကျင်းပသည်။

ဦးစွာ ပြိုင်ပွဲဝင်များကို အကယ်ဒမီလုံလုံ (လက်ဘီပ) က ဂုဏ်ပြုစကားပြောကြားပြီး ဆုရစာရင်းများကို ကြေညာသည်။

ဆက်လက်၍ ဆုရ ရုပ်/သံလက်ရာများကို ကြည့်ရှုအားပေးပြီး ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် စွမ်းရည်မြင့်မား အမျိုးသမီးများ TikTok ပြိုင်ပွဲတွင် ဆုရရှိခဲ့သူများကို ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာဝါသနာရှင် အသင်းဥက္ကဋ္ဌ ဦးဌေးလင်းနှင့် အလုပ်အမှုဆောင်များ၊ တာဝန်ရှိသူများက ဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)



❏ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်းများ၊ အွန်လိုင်းလောင်းကစားမှုနှင့် အွန်လိုင်းငွေကြေးလိမ်လည်မှုများ ပပျောက်ရေးအတွက် နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသ ကုန်သွယ်ရေး ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေး



❍ *ရှေ့ဖုံးမှ*

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် နှင့်အတူ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာ အထူးကိုယ်စားလှယ် နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံအစိုးရနှင့် တပ်မတော်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရှေ့လုပ်ငန်းစဉ်(၅) ရပ်နှင့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုအပေါ် တရုတ်နိုင်ငံမှ အပြုသဘောဆောင်သည့်ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်၌ တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးလုပ်ငန်းများ၊ အွန်လိုင်းလောင်းကစားမှုနှင့် အွန်လိုင်းငွေကြေးလိမ်လည်မှုများ ပပျောက်ရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံ နယ်စပ်ဒေသ ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာ အထူးကိုယ်စားလှယ် H. E. Mr. Deng Xijun အား ရင်းရင်းနှီးနှီး နွေတ်ဆက်စဉ်။

❖ *ကျောဖုံးမှ*

အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ် အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တို့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြား ရာတွင် အထူးစီးပွားရေးဇုန်များကို အကောင်အထည်ဖော်ရာတွင် ၂၀၁၄ ခုနှစ်က ထုတ်ပြန်ထားသည့် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ၊ နည်းဥပဒေများကို အခြေခံပြီး ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူ နိုင်ငံ၏ လက်ရှိအခြေအနေနှင့် ကိုက်ညီအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

လက်ရှိ ပထဝီနိုင်ငံရေးအခြေအနေအရ နိုင်ငံအတွင်း အထူးစီးပွားရေးဇုန်များကို အကောင်အထည်ဖော်ရာတွင် စီးပွားရေးရှုထောင့်တစ်ခုတည်း မကြည့်ဘဲ နိုင်ငံရေးအနေဖြင့်လည်း ထည့်သွင်းစဉ်းစားသွားကြရန် လိုအပ်ကြောင်း၊ ထို့ကြောင့် လက်ရှိ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် သီလဝါအထူးစီးပွားရေးဇုန်၊ အနာဂတ်တွင် အကောင်အထည်ပေါ်လာမည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်များနှင့်ပတ်သက်ပြီး နိုင်ငံရေးနှင့်ယှဉ်တွဲ၍ နိုင်ငံရေးနှင့် စီးပွားရေးပေါင်းစပ်ကာ ဆောင်ရွက်ကြရန် အဖွဲ့ဝင်များကို ပြောကြားလိုကြောင်း။

အထူးစီးပွားရေးဇုန်များ အလေးထားဆောင်ရွက်သွားကြရမည်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက် (၃)ရပ်အနက် တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးသည် အဓိက အလေးပေးဆောင်ရွက်နေသည့် ဦးတည်ချက်တစ်ရပ်ဖြစ်ကြောင်း၊ ယင်းဦးတည်ချက်များနှင့်အညီ အထူးစီးပွားရေးဇုန်များကလည်း အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံတိုင်းတွင် အထူးစီးပွားရေးဇုန်များနှင့် သီးသန့်ဇုန်များ ထားရှိကြကြောင်း၊ ထိုသို့ထားရှိကြရာတွင် နိုင်ငံများအလိုက် နည်းဥပဒေ၊ ဥပဒေများ ရေးဆွဲပြဋ္ဌာန်းပြီး ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ အလားတူ နိုင်ငံအတွင်း အထူးစီးပွားရေးဇုန်များတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများ လုပ်ခိုင်ရန်အတွက် ဖြေလျှော့မှုများ၊ မက်လုံးပေးခြင်းများ၊ ဆွဲဆောင်စည်းရုံးမှုများကိုလည်း နိုင်ငံအလိုက် ဆောင်ရွက်ကြရကြောင်း၊ မိမိတို့ နိုင်ငံတွင်လည်း ၂၀၁၄ ခုနှစ် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ၊ နည်းဥပဒေများတွင် ယင်းကိစ္စရပ်များကို သတ်မှတ်ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း။

ဆိုပါက အမေရိကန်ဒေါ်လာ ၇၂၂ ဒသမ ၇၅ သန်းရှိခဲ့ကြောင်း၊ သို့သော်လည်း အိမ်နီးချင်းနိုင်ငံများရှိ အထူးစီးပွားရေးဇုန်များနှင့် နှိုင်းယှဉ်ပါက အင်မတန်နည်းနေသေးကြောင်း၊ သို့ဖြစ်၍ သီလဝါ အထူးစီးပွားရေးဇုန်၏ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဇုန်၏အခြေအနေ၊ ပတ်ဝန်းကျင်နိုင်ငံများရှိ အထူးစီးပွားရေးဇုန်များ၏ အခြေအနေများကို အမြတမ်းစီစစ်သုံးသပ်၍ မိမိအထူးစီးပွားရေးဇုန် ပို့မိုတိုးတက်လာအောင်၊ ပို့ကုန်နှင့် သွင်းကုန်များ၏ လိုင်ငြေပြမှုကို အတတ်နိုင်ဆုံး နည်းပါးအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**◆ အနာဂတ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးမည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်များတွင်လည်း ပို့ကုန်တိုးမြှင့်ရေးအတွက် ပို့ကုန်များကို ဦးစားပေးထုတ်လုပ်မည့် လုပ်ငန်းရှင်များကို ရွေးချယ်ဖိတ်ခေါ်ရန်လို၊ လက်ရှိ သီလဝါအထူးစီးပွားရေးဇုန်တွင် တင်သွင်းမှုနှင့် တင်ပို့မှုကိုကြည့်မည်ဆိုပါက တင်သွင်းသည့် ကုန်ကြမ်းပစ္စည်းများတွင် အများဆုံး လယ်ယာသုံးစက်ပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများ ထုတ်လုပ်ရန် ကုန်ကြမ်းများ၊ ကားကုန်ကြမ်း အပိုပစ္စည်းများ၊ စည်သွတ်ဘူးထုတ်လုပ်ရန် ကုန်ကြမ်းများဖြစ်ကြောင်း၊ အလားတူ ပို့ကုန်များတွင် အများဆုံးသည် အဝတ်အထည်များ၊ ခွေခန်းသုံး လက်အိတ်များ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ ဆေးဝါးများနှင့် Speaker များဖြစ်ကြောင်း၊ တင်ပို့သည့်အပိုင်းတွင် ယခုထက် ပိုမိုတင်ပို့နိုင်အောင် စည်းရုံးတိုက်တွန်း ရမည်ဖြစ်ပြီး သွင်းကုန်အပိုင်းတွင်လည်း တင်သွင်းလာသည့် ကုန်ပစ္စည်းများတွင် မိမိတို့၏ MSME လုပ်ငန်းက မည်မျှသွင်းကုန်အစားထိုးပေးနိုင်မည်ကို တစ်ဖက်ကလည်း MSME လုပ်ငန်းများနှင့် ချိတ်ဆက်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ပြည်ပသွင်းကုန်အစားထိုး ပြည်တွင်း MSME များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှု လျော့ကျအောင်၊ ပြည်ပပို့ကုန်ဖြင့်တင်အောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိ MSME လုပ်ငန်းမှ သွင်းကုန်အစားထိုးမည့် ကုန်ပစ္စည်းများ ပေးသွင်းရာတွင် ပစ္စည်းအရည်အသွေး အဆင့်အတန်းမြင့်မားရန်လည်းလိုကြောင်း။

သီလဝါအထူးစီးပွားရေးဇုန်တွင် ကင်းလွတ်ဇုန် (Free Zone)နှင့် လုပ်ငန်းမြှင့်တင်ရေးဇုန်(Promotion Zone) ခွဲခြားသတ်မှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ကင်းလွတ်ဇုန်(Free Zone)ရှိ လုပ်ငန်းများအနေဖြင့် နိုင်ငံခြားငွေကြေးဆိုင်ရာ အခက်အခဲများမရှိသော်လည်း လုပ်ငန်းမြှင့်တင်ရေးဇုန် (Promotion Zone) တွင် ဆောင်ရွက်နေသည့် လုပ်ငန်းများတွင် အခြေအနေများအရ နိုင်ငံခြားငွေကြေးဆိုင်ရာ အခက်အခဲ အချို့ရှိနေကြောင်း၊ ယင်းအခက်အခဲအချို့ကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီက အတတ်နိုင်ဆုံး ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်ဟု သိရှိရကြောင်း၊ နိုင်ငံခြားငွေသုံးစွဲမှု လျော့ကျရန်အတွက် သွင်းကုန်ကုန်ကြမ်းများစွာ သက်သာစေမည့် MSME ထုတ်ကုန် လုပ်ငန်းများမှ သွင်းကုန်များများ အစားထိုးနိုင်ရန် ပိုင်းဝန်အကြံပေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ရရှိသည့်အခွန်အဝင်ငွေများ ပြည်ပြည်ဝဝရရှိအောင်ဆောင်ရွက်

MSME ထုတ်ကုန်လုပ်ငန်းများကို ချိတ်ဆက်ပေးပြီး အစားထိုးမှုရရှိသည့် ဝင်ငွေပိုင်းကို ကြည့်မည်ဆိုပါက ၂၀၂၄-၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၀၅၉၆ သန်းနှင့် မြန်မာကျပ်ငွေ ၅၁ ဘီလီယံကျော်ရရှိခဲ့ကြောင်း၊ ယင်းအပေါ် ကျေနပ်မနေဘဲ MSME နှင့်ပတ်သက်၍ တာဝန်ယူထားသည့် Agency အဖွဲ့များ၊ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ

စာမျက်နှာ ၇ သို့

စာမျက်နှာ ၆ မှ

တာဝန်ရှိသူများအနေဖြင့် ယခုထက်ပိုမို၍ နိုင်ငံတော်အကြီးအကဲချမှတ်ထားသည့် မူဝါဒနှင့် အညီ မိမိတို့၏ MSME ထုတ်ကုန်များကို အထူးစီးပွားရေးဇုန်များ၏ သွင်းကုန်အစားထိုးမှုအပိုင်းတွင် ဖြည့်ဆည်းပေးနိုင်ရန်အတွက် အလေးထားဆောင်ရွက်ပေးကြရန် ပြောကြားလိုကြောင်း၊ အခွန်ကောက်ခံမှုနှင့် စပ်လျဉ်း၍ အခွန်ရရှိသည့် ငွေမှာကျပ် ၉၃၅သန်း၊ ကုန်သွယ်လုပ်ငန်းခွန် ငွေကျပ် ၉ ဘီလီယံကျော်၊ ကြိုတင်ဝင်ငွေခွန် ငွေကျပ် ၂ ဒသမ ၂ ဘီလီယံနှင့် ဝင်ငွေခွန် ငွေကျပ် ၂ ဒသမ ၆၈ ဘီလီယံရှိသည်ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း စာရင်းများအရ သိရှိရကြောင်း၊ One Stop Service ဆောင်ရွက်နေသည့် အဖွဲ့များသည် မိမိနိုင်ငံ၏ အကျိုးစီးပွား၊ မိမိ၏ အခွန်ဘဏ္ဍာ အပြည့်အဝကောက်ခံရရှိမှု၊ ကုမ္ပဏီများ၏ မသမာမှုများမဖြစ်အောင် ဆောင်ရွက်ပေးနိုင်မှု အပေါ်မူတည်၍ ရရှိသည့်အခွန်အခဝင်ငွေများ ပြည့်ပြည့်ဝဝရရှိအောင် ဆောင်ရွက်ကြရန်ပြောကြား လိုကြောင်း။

အထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံစီးပွားရေးမြှင့်တင်ရေးအတွက် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ချမှတ်ဆောင်ရွက်ရာတွင် MSME လုပ်ငန်းသည် အဓိကပါဝင်သကဲ့သို့ အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရန်အတွက် များစွာအထောက်အကူပြုရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏စီးပွားရေးကိုလည်း များစွာအထောက်အကူပြုနိုင်သည့် ဇုန်များဖြစ်ရန်ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

အထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်များ၏ အဓိက လိုအပ်ချက်သည် လျှပ်စစ်စွမ်းအားပြည့်ဝရရှိရေးပင် ဖြစ်ကြောင်း၊ ထို့ကြောင့် သီလဝါအထူးစီးပွားရေးဇုန်တွင် မိမိအစီအစဉ်ဖြင့် တစ်ပိုင်တစ်နိုင် Solar Plant များဆောင်ရွက်ရန် အကြံပြုခဲ့ရာ မူလအစ စတင်ဆောင်ရွက်စဉ် ကီလိုဝပ်ရာဂဏန်းမျှသာရှိသော်လည်း အကျိုးဖြစ်ထွန်းသည့်အတွက် လိုက်ပါဆောင်ရွက်ခဲ့ကြရာ ယနေ့စာရင်းဇယားများအရ တပ်ဆင်ပြီးပါက ထုတ်လုပ်မှုစွမ်းအား ၁၆ မဂ္ဂါဝပ်ကျော် နီးပါးထုတ်လုပ်နိုင်တော့မည်ဖြစ်ကြောင်း၊ တပ်ဆောင်တွင်လည်း ၂၀ မဂ္ဂါဝပ် Solar Plant အား တပ်ဆင်အသုံးပြုခဲ့ရာ အရင်းကျောကာလမှာ သုံးနှစ်ခွဖြစ်၍ မကြာမီအရင်းကျောကာလ ရောက်ရှိတော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တွက်ခြေကိုက်သည့်အပြင် ပိုလျှံသည့် လျှစစစ်ဓာတ်အားများအား နိုင်ငံတော်သို့ ပြန်လည်ရောင်းချနိုင်သည့်အတွက် သက်ဆိုင်ရာ ကုမ္ပဏီများ၊ လုပ်ငန်းရှင်များသို့ တာဝန်ရှိသူများက ရှင်းလင်းပြောကြား တိုက်တွန်းဆောင်ရွက်ကြရန် လိုကြောင်း၊ အလားတူ နောင်အကောင်အထည်ဖော်ဆောင်ရွက်မည့် အထူးစီးပွားရေးဇုန်များတွင်လည်း တစ်ပိုင်တစ်နိုင် Solar Plant များ ဆောင်ရွက်နိုင်ရေး ထည့်သွင်းဆွေးနွေးကြရန်လိုကြောင်း။

ဆက်လက်၍ ကျောက်ဖြူအထူးစီးပွားရေးဇုန်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးလိုကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အတွက် လုပ်ငန်းလုပ်ကိုင်ခွင့် သဘောတူစာချုပ် (Concession Agreement) ကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၅ ရက်တွင် ချုပ်ဆိုခဲ့ကြောင်း၊ အဆိုပါ Concession Agreement ကို ဖြည့်စွက်သည့် နောက်ဆက်တွဲစာချုပ် (Addendum) ကို ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက်တွင် နေပြည်တော်၌ စီမံကိန်း ကုမ္ပဏီနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီတို့ လက်မှတ်ရေးထိုးခဲ့ပြီး Long Stop Date ကို သက်တမ်းတိုးပေးခဲ့ပြီးဖြစ်ကြောင်း၊ သက်တမ်းတိုးဖြင့်ထားသည့်ကာလသည် ၂၀၂၅ ခုနှစ် ဇွန် ၂၅ ရက်တွင် ပြည့်မြောက်မည်ဖြစ်သည့်အတွက် သတ်မှတ်ကာလမတိုင်မီ နှစ်လအလိုတွင် နှစ်ဦးနှစ်ဖက်လုပ်ငန်းများ ပြီးပြတ်အောင် မဖြစ်မနေ ဆောင်ရွက်ရမည့် ကိစ္စရပ်ဖြစ်သည့်အတွက် လုပ်ငန်းကော်မတီက ဆက်လက်ဆောင်ရွက်လျက်ရှိပြီး အခြားပါဝင်သည့် ကော်မတီများကလည်း လုပ်ငန်းများ အမြန်ဆုံးပြီးပြတ်အောင် ကန့်သတ်ချက်များကြားမှ ပိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း။

ဒေသခံများနှင့် နိုင်ငံတော်အတွက် အကျိုးများစွာဖြစ်ထွန်းနိုင်

ကျောက်ဖြူအထူးစီးပွားရေးဇုန်သည် ပထဝီနိုင်ငံရေးအရ၊ စီးပွားရေးနှင့် နိုင်ငံရေးအရ အရေးပါသည့်အပြင် နိုင်ငံအတွက်အရေးကြီးပြီး ဒေသခံများနှင့် နိုင်ငံတော်အတွက် အကျိုးများစွာ ဖြစ်ထွန်းနိုင်သည့်အတွက် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ရေနက်ဆိပ်ကမ်းစီမံကိန်း ခြင်းဖြင့် မြန်မာ-တရုတ် စီးပွားရေးစကြံ့ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းကို ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး Belt and Road စီမံကိန်းအတွက် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကိုလည်း ပိုမိုမြှင့်တင်စေနိုင်မည်ဖြစ်ကြောင်း။

ဆက်လက်၍ ထားဝယ်အထူးစီးပွားရေးဇုန်ကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးရမည်ဆိုပါက ထားဝယ်အထူးစီးပွားရေးဇုန်အနေဖြင့် SPV (Special Purpose Vehicle) ဖျက်သိမ်းရေးနှင့်ပတ်သက်ပြီး မြန်မာ-ထိုင်း-ဂျပန် သုံးနိုင်ငံ ညှိနှိုင်းဆွေးနွေးပြီး ပါဝင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံများသို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ပတ်သက်၍ အခွင့်အလမ်းများ များစွာဖော်ဆောင်နိုင်ခဲ့သည့်အတွက် မကြာမီတွင် အရှိန်အဟုန်ဖြင့် အောင်မြင်ဖြစ်ထွန်းလာတော့မည် ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုချိန်ကပင် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများနှင့် လာရောက်ရင်းနှီးမြှုပ်နှံမည့်သူများ စိတ်ချမ်းသာစွာဖြင့် လုပ်ငန်းများ အဆင်ပြေချောမွေ့လျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက ဆောင်ရွက်ထားကြရန် လိုကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် အီတာလျှံ-ထိုင်း ဆောင်ရွက်သည့် ကိစ္စများပြီးမြောက်သွားသော်လည်း ဥပဒေကြောင်းအရ ဆက်လက်ရှင်းလင်း ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အဆင်ပြေချောမွေ့စွာဖြင့် သက်ဆိုင်ရာဥပဒေပညာရှင်များဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရန်အရေးကြီးကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လာရောက်ရင်းနှီးမြှုပ်နှံသူအပါအဝင် သုံးဦးသုံးဖလှယ် Win- Win Situation ဖြစ်ရန် ဆောင်ရွက်သွားကြရန်လိုကြောင်း။

ဆက်လက်၍ ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြုလုပ်သည့် ဒုတိယအကြိမ် အစည်းအဝေးဖြစ်သည့်အတွက် ယခင်အစည်းအဝေးဆုံးဖြတ်ချက်များ အပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တင်ပြပေးရန်၊ အထူးစီးပွားရေးဇုန်အလိုက် ဖြစ်ပေါ်တိုးတက်မှုများနှင့် ရှေ့လာမည့် ကာလများတွင် ဆောင်ရွက်မည့် အစီအမံများကို သက်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများက တင်ပြပေးရန်နှင့် ဇုန်အလိုက် အနာဂတ်အတွက် ကြိုတင်ပြင်ဆင်မှုများ၊ ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ထားမှသာ အချိန်မရွေး လာရောက်ရင်းနှီးမြှုပ်နှံသူများနှင့် လုပ်ငန်းများအခက်အခဲမရှိ ချိတ်ဆက်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဝင်များကလည်း အထူးစီးပွားရေးဇုန်များနှင့် ပတ်သက်ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ အတွင်းရေးမှူး(၁) ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မြန်မာအထူးစီးပွားရေးဇုန်များ၊ နိုင်ငံတော်ဝန်ကြီးချုပ် ခရီးစဉ်အတွင်း ထားဝယ်အထူးစီးပွားရေးဇုန်နှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ အတွင်းရေးမှူး (၂) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက မြန်မာအထူးစီးပွားရေးဇုန်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်များမှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့အစည်း အဝေးသို့တင်ပြသည့် အမှာစာများကို ဖတ်ကြား တင်ပြကြပြီး အတည်ပြုချက်ရယူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အကြံပြုချက်များနှင့် အထူးစီးပွားရေးဇုန်များအလိုက် လုပ်ငန်းဆောင်ရွက်နေမှုဆိုင်ရာကိစ္စများနှင့် ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူးက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒုတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက် မူကြမ်းကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

အိမ်မဲမြို့ အထက (၁) ရွှေညီလာခန်းမတိုးချဲ့အဆောက်အအုံဆောက်လုပ်ရန် ငွေလျှာဒါန်း

အိမ်မဲ မတ် ၁၁

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် အထက (၁) ကျောင်းရှိ ရွှေညီလာခန်းမ တိုးချဲ့အဆောက်အအုံ ဆောက်လုပ်ရန် စစ်ကိုင်းဆရာတော် ဒေါက်တာအရှင်ကုဏ္ဍလက အလှူတော်ငွေကျပ်သိန်း ၂၀၀ လှူဒါန်းခြင်းနှင့် ရေစက်ချအခမ်းအနားကို မတ် ၉ ရက်က ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်၊ မဟာဂန္ဓဝါစကပဏ္ဍိတ အိမ်မဲမြို့ကွင်းကျောင်း ကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ပြီး တိုးချဲ့အဆောက်အအုံ ဆောက်လုပ်ရန် အလှူငွေကျပ်သိန်း ၂၀၀ ကို အလှူရှင် စစ်ကိုင်းဆရာတော် ကိုယ်စား မြန်မာနိုင်ငံဆန့်စပ်ပါး အသင်းချုပ် ဗဟိုအလုပ်အမှူ ဆောင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ မြေယာကော်မတီ အဖွဲ့ဝင် ဒလမြို့မှ ဦးဆွေဦးက ပေးအပ်ရာ ဆောက်လုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးသိန်းလွင်က လက်ခံရယူသည်။ ဆက်လက်ပြီး ဆရာတော်က လှူဒါန်းမှု အစုစု အတွက် ရေစက်ချအနုမောဒနာ တရားများကို ချီးမြှင့်ပေးသည်။

အဆိုပါ အထက (၁)ကျောင်းရှိ ရွှေညီလာခန်းမမှာ လွန်ခဲ့သည့် နှစ်ပေါင်း ၇၁ နှစ်ခန့်က ဆောက်လုပ်ခဲ့ကာ အလျား ၈၄ ပေ၊ အနံ ပေ ၄၀ ရှိပြီး ယခုအခါ အလျား၂၄ ပေ၊ အနံ ၅၆ ပေ အဆောက်အအုံကို တိုးချဲ့၍ ဆောက်လုပ်မည်ဖြစ်ရာ ခန့်မှန်းငွေကျပ်သိန်း ၁၅၀၀ ကုန်ကျ မည်ဖြစ်သည်။

ချစ်သက်လယ် (ပြန်/ဆက်)



ခိုင်မာသောယုံကြည်ချက်နှင့်အတူ

ပြည်စိုးညိမ်း

နှစ်နိုင်ငံ အရေးအတွက်
အလေးအနက် ဆွေးနွေးကာ၊
အကျိုးတူ လုပ်ငန်းများ
တိုးပွားဖို့ပါ၊
ကြွယ်ဝတဲ့ နည်းပညာ
မျှဝေကာ ဖြည့်ဆည်း။
ရွှေလမ်းမှာ ငွေလမ်းဆင့်လို့
လမ်းဖွင့်သည်တည်း။

မြန်မာနှင့် ရုရှားနိုင်ငံ၏ မိတ်ဆွေရင်းချာဆက်ဆံရေးမှာ ၁၉၄၈ ခုနှစ် ကတည်းကပင် စတင်သန္ဓေတည်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်တွင် မြန်မာ-ရုရှား နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး စတင်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ မြန်မာ-ရုရှား ဆက်ဆံရေးမှာ ၇၇ နှစ်ကိုပင် ကျော်လွန်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။


ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် ကမ္ဘာပေါ်တွင် နယ်မြေအကြီးမား အကျယ်ပြန့်ဆုံး နိုင်ငံတစ်ခုဖြစ်သလို ဩဇာအကြီးမားဆုံး နိုင်ငံတစ်ခုလည်းဖြစ်သည်။ လက်ရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ H.E. Vladimir Vladimirovich Putin တာဝန်ယူထားသည့် ကာလများအတွင်း ကမ္ဘာ့ထိပ်တန်းနိုင်ငံအဖြစ် ပို့မိုတိုးတက်ရောက်ရှိလာသည်။


နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ ၂၀၂၅ ခုနှစ် မတ်လ ၃ ရက် ဒေသစံတော်ချိန် ညနေပိုင်းမှစတင်၍ မော်စကိုမြို့သို့ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေခြင်းဖြစ်သည်။

အချိန်ကို အကျိုးရှိစွာကုန်ဆုံး

ခရီးစဉ်၏ ဒုတိယနေ့တွင် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Valentina Matviyenko နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့ဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustim နှင့် တွေ့ဆုံဆွေးနွေးခြင်းတို့ဖြင့် တစ်နေ့တာလုံး အချိန်ကို အကျိုးရှိစွာ ကုန်ဆုံးစေခဲ့သည်။

ဒေသစံတော်ချိန် ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ H.E. Vladimir Vladimirovich Putin နှင့် သီးခြားတွေ့ဆုံဆွေးနွေးရန် လုံခြုံရေးယာဉ်တန်း ခြံရံထားသော အထူးယာဉ်တန်းဖြင့် ကရင်မလင်နန်းတော်သို့ ထွက်ခွာခဲ့သည်။





နိုင်ငံတော်စိမ်အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin တို့ သီးခြားတွေ့ဆုံဆွေးနွေးစဉ်။ (၄-၃-၂၀၂၅)

ကရင်မလင်သည် ကမ္ဘာပေါ်တွင် ထင်ရှားသော အရပ်ဌာနေတစ်ခုဖြစ်သည်။ နိုင်ငံတော်အာဏာအရပ်ရပ်တို့ တည်ရာအဖြစ် အမေရိကန်၌ "အိမ်ဖြူတော်" အား နာမ်စားသုံးစွဲသကဲ့သို့ ရုရှားနိုင်ငံအတွက် "ကရင်မလင်"ကို ကိုယ်စားပြု သုံးစွဲလေ့ရှိသည်။

ကရင်မလင်မှာ မော်စကိုမြို့ကို ရည်ညွှန်းပြီး မြို့တော်ကြီးဟု အဓိပ္ပာယ်ရသည်။ မော်စကိုမှာ သမိုင်းဝင်မြို့တစ်မြို့ဖြစ်၍ မြို့ဟောင်းနေရာမှာ ၁၈၁၂ ခုနှစ်က နပိုလီယံတပ်များ ဝင်ရောက်ဖျက်ဆီးရာမှ ကြွင်းကျန်ခဲ့ခြင်းဖြစ်သည်။ ကရင်မလင်ရပ်ကွက်တွင် ရှေးဘုရင်တို့၏ နန်းတော်ဆောင်များနှင့် ရွှေရောင်ပေါင်းမိုးဘုံအဆင့်များ တပ်ဆင်ထားသည့် ၁၅ ရာစု၊ ၁၆ ရာစု ဗိသုကာလက်ရာ ဝတ်ကျောင်းကြီးများရှိသည်။

မော်စကို၏ အသည်းနှလုံး

ကရင်မလင်နှင့်တွဲလျက် တည်ရှိသော ရင်ပြင်နီ (Red Square)ကို မော်စကို၏ အသည်းနှလုံးဟုပင် တင်စားခေါ်ကြသည်။ ရာဇဝင်တွင်မည့်ကြီးမားသော အဖြစ်အပျက်ကြီးများ၊ သမိုင်း အလှည့်အပြောင်းများမှာ သည် ရင်ပြင်နီပေါ်တွင် ဖြတ်သန်း စီးဆင်းခဲ့ကြခြင်းဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတက အိမ်ရှင်၏ ကြိုလင့်မှုဖြင့် စောင့်စား၍ ရင်းရင်းနှီးနှီး ကြိုဆိုနွှတ်ဆက်သည်။ ခေါင်းဆောင်နှစ်ဦး၏ တွေ့ဆုံနွှတ်ဆက်မှုမှာ ဖက်လဲတကင်းရှိလှသည်။ ရင်းချာသောအသွင်ရှိ၍ လေးနက်သော အဓိပ္ပာယ်ကို ဆောင်သည်။ တစ်ခဏသော လက်ဆွဲနွှတ်ဆက်မှုတွင် အဓိပ္ပာယ်များစွာပါ၍ ခေါင်းဆောင်နှစ်ဦး၏ အပြုံးမှာ အသက်ဝင်လွန်းလှသည်။ စီမံခန့်ခွဲနေရသည့် ခေါင်းဆောင်နှစ်ဦး၏ ယုံကြည်ချက်၊ ခံယူချက်နှင့် ကြိုးပမ်းချက်များကို တင်းတင်းဆွဲကိုင်လိုက်ကြသောလက်အစုံတွင် တွေ့မြင်နိုင်သည်။

အိမ်ရှင်နှင့် ဧည့်ကောင်းဆောင်ကောင်း ခေါင်းဆောင်နှစ်ဦးတို့၏ သီးခြားတွေ့ဆုံဆွေးနွေးမှုသည် မကြာမီ ကာလတွင် စတင်တော့မည်ဖြစ်သည်။

အလေးအနက်ထားမှုက ကျေနပ်ဖွယ်

အိမ်ရှင်နိုင်ငံခေါင်းဆောင်၏ ကနဦးစကားတွင် ဒုတိယအကြိမ် ထပ်မံတွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ကြောင်းနှင့် ယခုခရီးစဉ်မှသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်းဖြင့် စသည်။ ဆက်လက်ပြောကြားမှုတွင် မြန်မာနိုင်ငံအပေါ် ရုရှားနိုင်ငံ၏ သဘောထားနှင့် အလေးအနက်ထားမှုက ကျေနပ်ဖွယ် ကောင်းလှသည်။

ယခုခရီးစဉ်အတွင်းမှာပင် နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်မှုများအတွက် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးနိုင်မည်ဟုဆိုသည်။ အရာရာသည် ကြောင်းကျိုးဆက်နွယ်မှုမှကင်း၍ မဖြစ်စကောင်း။ အကြောင်းရှိ၍ အကျိုးထင်ရခြင်းပင်။ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ခြင်း၏ ရလဒ်ကောင်းများမှာ သိသိသာသာ မြင့်တက်နေပြီဖြစ်သည်။ အိမ်ရှင်နိုင်ငံခေါင်းဆောင်က နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများမှာ ယခင်ကထက် ပို့မိုတိုးတက်လာပြီဖြစ်ကြောင်း၊ ရုရှားနှင့် မြန်မာမှာ နိုင်ငံတကာမျက်နှာစာတွင်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဆက်လက်ညွှန်းဆိုသည်။

နိုင်ငံတော် အကြီးအကဲကလည်း အပြန်အလှန် ကျေးဇူးတို့ပြန်စကားဖြင့် စသည်။ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ကာလကို ညွှန်းဆိုရင်း ထူးခြားသည့် သမိုင်းကြောင်းရှိသည့် ဆက်ဆံရေး အဖြစ် ဂုဏ်ပြုစကားဆိုသည်။ ရုရှားနိုင်ငံမှာ ခရီးဝေးကွာသော်လည်း မြန်မာနိုင်ငံအတွက် ချစ်ကြည်ရင်းနှီးသည့် မိတ်ဆွေကောင်း၊ မိတ်ဆွေဟောင်း နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်းကို အလေးအနက်စကား ဆိုသည်။ ယခုတွေ့ဆုံမှုမှာ နိုင်ငံ့ခေါင်းဆောင်နှစ်ဦးအတွက် ဒုတိယအကြိမ် တွေ့ဆုံမှုဖြစ်သည်။ ပြီးခဲ့သော ၂၀၂၂ ခုနှစ်အတွင်းက (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြပြီးဖြစ်သည်။ ကောင်းမွန်သော ရလဒ်ကောင်းများ ထွက်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပြီးလည်း ဖြစ်သည်။

ဆက်လက်၍ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ဆောင်ရွက်ရေး ကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ပညာသင်ကြားရေးကဏ္ဍ၊ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို အကျယ်တဝင့် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

စာမျက်နှာ ၉ သို့

- **စွမ်းအင်အခန်းကဏ္ဍအတွက် အရေးကြီးဆုံးသော မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်နိုင်မှုမှာ မြန်မာနိုင်ငံတွင် အသေးစားအဏုမြူဓာတ်အားပေးစက်ရုံဆောက်လုပ်ရေးအတွက် သဘောတူညီခဲ့ခြင်းဖြစ်သည်**
- **ကုန်သွယ်ရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ သိပ္ပံနှင့်နည်းပညာ၊ လျှပ်စစ်စွမ်းအား၊ စက်မှုနှင့် စွမ်းအင်ကဏ္ဍတို့အပါအဝင် အကျိုးတူကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများတွင် ရရှိပြီးဖြစ်သော အခြေအနေကောင်းများကို ဆက်လက်သယ်ဆောင်၍ အရှိန်အဟုန်တိုးမြှင့်နိုင်တော့မည်**

စာမျက်နှာ ၈ မှ

ကဏ္ဍပေါင်းစုံဟူသော အသုံးအနှုန်းက ကျယ်ပြန့်လှသည်။ ကဏ္ဍတစ်ခုတည်း၊ အနည်းငယ်မျှသောကဏ္ဍ၊ ကဏ္ဍအချို့ စသည့်ကနဦးသတ်ချက်မပါ။ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ကဏ္ဍပေါင်းစုံဟု သုံးနှုန်းသည်။ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ ကျန်းမာရေး အစချီသည့် ကဏ္ဍနယ်ပယ်က မနည်းလှ။ တစ်ပွင့်တည်းသော ပန်းအတွက် ရည်ရွယ်၍ ဆွေးနွေးနေကြခြင်းမဟုတ်။ ပန်းပေါင်းစုံသော ပန်းခင်းကြီးအဖြစ် ရည်ရွယ်ရမြင်သည်ဟု ဆိုနိုင်သည်။

ဆွေးနွေးမှုသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကိုအရင်းတည်၍ တိုးတက်ခြင်းဟူသော အပြုသဘောကို ဆောင်သည့် ဘက်သို့ လှမ်းသည်။ နယ်ပယ်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံအတွက် ရလိုက်သည့် အကျိုးရလဒ်ကား မနည်းလှ။

နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲ

ထို့နောက် နိုင်ငံ့ခေါင်းဆောင်နှစ်ဦးသည် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲတွင် နိုင်ငံတော်အကြီးအကဲနှင့်အတူ ကောစီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောစီတင်ဗိုလ်ချုပ်ကြီး ညီစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီး မိုးအောင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသစ်လင်းအုန်းတို့ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ ပြည်ပဆက်ဆံရေး လက်ထောက်အရာရှိ၊ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး၊ တာဝန်ရှိသူများနှင့် အစိုးရအဖွဲ့အကြီးအကဲများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် နှစ်နိုင်ငံဝန်ကြီးများက ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ အာကာသသိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍနှင့် အခြားပူးပေါင်းဆောင်ရွက်နိုင်သည့် ကဏ္ဍများနှင့် ပတ်သက်၍ အပြန်အလှန် ဆွေးနွေးကြသည်။ သက်ဆိုင်ရာ ဝန်ကြီးများ၏ ဆွေးနွေးမှုများအပေါ် နိုင်ငံတော်အကြီးအကဲနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတတို့က ထပ်မံဖြည့်စွက် ဆွေးနွေးပေးသည်။

နှစ်နိုင်ငံ ခေါင်းဆောင်နှစ်ဦး၏ ချစ်ကြည်ရင်းနှီးမှုကို အခြေခံ၍ အပြုသဘောဆောင်သော ဆွေးနွေးချက်များမှာ နိုင်ငံနှင့် လူမျိုးအတွက် ကျေနပ်အားရဖွယ်ပင်ဖြစ်သည်။ အချုပ်အခြာအာဏာခိုင်ခံ့တည်မြဲရေး၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးတို့အတွက် အပြန်အလှန် ကတိကဝတ်များနှင့် အားပေးထောက်ခံ ရပ်တည်မှုများမှာ သမရိုးကျသဘောထားဖြင့်ဖြစ်သည့် နှစ်နိုင်ငံ ဆက်ဆံရေး၏ အနှစ်သာရကို ထပ်လောင်း၍အဓိပ္ပာယ်ပြည့်ဝလေးနက်စေခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin တို့ မီဒီယာများအား နှစ်နိုင်ငံပူးတွဲကြေညာချက်များကို အပြန်အလှန် ပြောကြားစဉ်။(၄-၃-၂၀၂၅)

တစ်ဆက်တည်းမှာပင် နှစ်နိုင်ငံ အစိုးရနှစ်ရပ်အကြား သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးလဲလှယ်ခြင်း အခမ်းအနားကို ကျင်းပပြုလုပ်သည်။

နှစ်နိုင်ငံအကြား ပညာရေးအရည်အချင်းသတ်မှတ်ချက်နှင့် ပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီဂရီများ အပြန်အလှန် အသိအမှတ်ပြုရေးဆိုင်ရာ သဘောတူစာချုပ်၊ အကောက်အခွန်ဆိုင်ရာ သဘောတူညီချက်များ၊ ကျန်းမာရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများ၊ ယဉ်ကျေးမှုနှင့် အားကစားကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခြင်း စာချွန်လွှာများ၊ အဏုဖြူဖွန်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုရာတွင် နျူကလီးယားနှင့် ဓာတ်ရောင်ခြည်ဘေးအန္တရာယ် ကင်းရှင်းရေးစည်းမျဉ်းဥပဒေနယ်ပယ်၌ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဆိုင်ရာ စီးပွားရေးနှင့်နည်းပညာပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ၊ ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် ပြင်ပအာကာသ စူးစမ်းလေ့လာရေးနှင့် အသုံးပြုမှုနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာနှင့် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူညီချက်စာချုပ်(မူကြမ်း)အပေါ် ဆွေးနွေးညှိနှိုင်းမှု အောင်မြင်စွာ ပြီးမြောက်ခြင်းနှင့် စပ်လျဉ်းသည့် ပူးတွဲကြေညာချက်တို့ ပင်ဖြစ်သည်။

ရုရှားဖက်ဒရေးရှင်း နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ရုရှားဖက်ဒရေးရှင်းနိုင်ငံဘက်မှ သက်ဆိုင်ရာဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် နိုင်ငံ့ခေါင်းဆောင်နှစ်ဦးတို့၏ ရှေ့မောက်တွင် အသီးသီးလက်မှတ်ရေးထိုး၍ လဲလှယ်ခဲ့ကြသည်။

ဖြတ်လမ်းဟူ၍မရှိ

လေးစားထိုက်သော လုပ်ဝန်းမှန်သမျှတွင် ဖြတ်လမ်းဟူ၍မရှိ။ အဆင့်ဆင့် ဆောင်ရွက်ရသည်သာဖြစ်၏။ နှစ်နိုင်ငံခေါင်းဆောင်များ၏ တွေ့ဆုံဆွေးနွေးမှုကနဦးရလဒ်အဖြစ် နှစ်နိုင်ငံပူးတွဲကြေညာချက်များကို မီဒီယာများသို့ အပြန်အလှန် ပြောကြားခဲ့သည်။ တစ်နည်းအားဖြင့် အတူယှဉ်တွဲ စဉ်မြဲချစ်ကြင်စွာ ရှိနေကြသည့် နိုင်ငံနှစ်နိုင်ငံမှ ကမ္ဘာကြီးသို့ သတင်းစကားပါးလိုက်ခြင်းဟုလည်း ဆိုနိုင်မည်ထင်သည်။

အိမ်ရှင် နိုင်ငံ့ခေါင်းဆောင်က သတင်းမီဒီယာသမားများ ရှေ့မောက်တွင် နိုင်ငံတော်အကြီးအကဲ၏ ချစ်ကြည်ရေးခရီးစဉ်ကို ကြိုဆိုကြောင်းနှင့် နှစ်နိုင်ငံအကြား ယုံကြည်စိတ်ချရသည့် ဆက်ဆံရေးရှိကြောင်း အတိအလင်း ဆိုသည်။ ဆက်လက်၍ နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေး အကောင်အထည်ဖော် ဆောင်ရွက်မှုများကို အဓိကထား ဆွေးနွေးသွားသည်။

၁၉၄၈ ခုနှစ်ကစပြီး ရုရှားနိုင်ငံသည် မြန်မာနိုင်ငံ လွတ်လပ်ရေးကို ပထမဆုံး အသိအမှတ်ပြုခဲ့ကြောင်း၊ ပညာရှင်များ၏ အကူအညီဖြင့် မြန်မာနိုင်ငံ၏ ပညာရေးနဲ့ ကျန်းမာရေးနယ်ပယ်တွင် အရေးကြီးသည့် စီမံကိန်းများ အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း၊ အခုလက်ရှိတွင်လည်း ရုရှားနိုင်ငံက မြန်မာစက်မှုစီးပွားရေး အခန်းကဏ္ဍများတွင် အကူအညီပေးလျက်ရှိကြောင်း၊ ပြည်တွင်းရေး အခြေအနေကိစ္စရပ်များ ကောင်းမွန်စေရန်အတွက်ကိုလည်း ထောက်ခံအားပေးနေကြောင်း ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့သည်။

လွန်ခဲ့သည့်နှစ်မှစ၍ ၄၀ ရာခိုင်နှုန်းခန့်တိုးမြှင့်ခဲ့သည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြင့်မားတိုးတက်လာပုံကို မီးမောင်းထိုးပြသည်။ အပြန်အလှန် ကုန်သွယ်ရေး တိုးတက်မြင့်မားစေရန် အဆင့်သင့်ရှိနေကြောင်း လမ်းဖွင့်ပြောဆိုသည်။

ဆိုခဲ့သလိုပင် မြေပြင်၌လည်း နှစ်နိုင်ငံ အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကော်မရှင်က တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်နေသည်ကို မှာ လက်တွေ့သာဓကတစ်ရပ်ဖြစ်၏။ မကြာသေးခင်ကပင် ကုန်သွယ်ရေးကော်မရှင်အစည်းအဝေးကို နေပြည်တော်တွင် ကျင်းပခဲ့သည်။

ဖွင့်အမှာစကားပြောကြားရာတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin တို့က ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံ ဆက်ဆံရေးကို ပိုမိုတိုးတက်စေရန် ဦးတည်ဆောင်ရွက်သွားရန် ဆွေးနွေးသွားသည်။ ဆွေးနွေးပွဲအပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီးနှင့် နှစ်နိုင်ငံ့ခေါင်းဆောင်များ ပူးတွဲတက်ရောက်သော ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဖိုရမ်ကြီးသို့ တက်ရောက်ခဲ့သည်။ ဖိုရမ်ကြီးတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မိန့်ခွန်းများ ပြောကြားခဲ့ကြသည်။ ဖိုရမ်ကြီးပြီးဆုံးပြီးနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီးနှင့် နှစ်နိုင်ငံ့ခေါင်းဆောင်များ ပူးတွဲတက်ရောက်သော ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဖိုရမ်ကြီးသို့ တက်ရောက်ခဲ့သည်။ ဖိုရမ်ကြီးတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မိန့်ခွန်းများ ပြောကြားခဲ့သည်။

ရပ်တည်ချက်များကိုကြည်

မိမိတို့နိုင်ငံသည် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးသည့်၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်သည့် ပေါင်းဖက်ဆက်ဆံရေးကိုသာ ရေးရွေသော နိုင်ငံဖြစ်သည်။ အိမ်ရှင်နိုင်ငံ့ခေါင်းဆောင်က နိုင်ငံတကာ ပြဿနာအများစုနှင့် ပတ်သက်၍ ရုရှား-မြန်မာ ရပ်တည်ချက်များ ကိုက်ညီကြောင်း ဆိုသည်။ သူ့အနေဖြင့် အပြုသဘောဆောင်သည့် လုပ်ဆောင်ချက်များမှတစ်ဆင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး နယ်ပယ်အသီးသီးတွင် ဆတက်ထမ်းပိုး တိုးတက်လာမည်ဟု ခိုင်ခိုင်မာမာယုံကြည်ကြောင်း ပြောဆိုသွားသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ၏ တည်ငြိမ်သည့် အပြောတွင် ရည်မှန်းချက်ပါသည်ကို သတိပြုမိသည်။

နိုင်ငံတော်အကြီးအကဲက ရုရှားနိုင်ငံမှာ အရေးပါပြီး ယုံကြည်ရသည့် မိတ်ဆွေနိုင်ငံဖြစ်သဖြင့် အပြန်အလှန် ယုံကြည်မှု၊ နားလည်မှု၊ လေးစားမှုများနှင့် အခြေခံတည်ဆောက်ထားသည့် နှစ်နိုင်ငံ ဆက်ဆံရေးကို အထူးတန်ဖိုးထားပါကြောင်း မိဒီယာများရှေ့မောက်တွင် ပေးစကားရုံ ဆောက်လုပ်ရေးအတွက် သဘောတူညီခဲ့ခြင်းဖြစ်သည်။ လျှပ်စစ်ဓာတ်အား ပေါပေါများများ ပေးနိုင်တော့မည့် အစီအစဉ်ပင်ဖြစ်သည်။ လျှပ်စစ်ဓာတ်အားနှင့် ဆက်စပ်၍ စီးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ပညာရပ်ပိုင်းဆိုင်ရာများအထိပါ လွှမ်းခြုံအကျိုးပြုစေနိုင်မှာ အသေအချာပဲဖြစ်သည်။ အခြားသော စက်မှုနှင့် အဆင့်မြင့် နည်းပညာနယ်ပယ်များတွင်လည်း ပူးတွဲစီမံကိန်းတစ်ရပ်ဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။

ရုရှားနိုင်ငံ၏ အာကာသနယ်ပယ်အောင်မြင်မှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံကို ကူညီနိုင်မည့်အခန်းကဏ္ဍ၊ ယဉ်ကျေးမှုနယ်ပယ်နှင့် လူသားချင်းစာနာမှုနယ်ပယ်တို့တွင် ပူးပေါင်းဆောင်ရွက်မည့် အကြောင်းပြောသည်။ နိုင်ငံ့ခေါင်းဆောင်တို့သည် အပြန်အလှန် ဘာသာရေး ဆိုင်ရာဌာနများ ခွင့်ပြုစေခြင်းဖြင့် သဘောထားကြီးမြင့်မှုနှင့် နလုံးရည် ထက်မြက်မှုကို ပြသသည်။

နီးကပ်စွာ ဆက်လက်ပူးပေါင်းသွားမည်

ရုရှားနိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် ကမ္ဘာကြီးတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်နေသည့် ကိစ္စရပ်မှန်သမျှကို မြန်မာနိုင်ငံက အပြည့်အဝရပ်တည်ကြောင်းနှင့် နောင်အနာဂတ်ကာလတွင်လည်း နှစ်နိုင်ငံအကြား အပြည်ပြည်ဆိုင်ရာ မျက်နှာစာတွင် နီးကပ်စွာ ဆက်လက် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်အကြီးအကဲက လေးနက်တည်ကြည်စွာ ထပ်လောင်း ပြောကြားသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီးအား အခါအခွင့်သင့်သည့်အခါတွင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်နိုင်ရန် အပြန်အလှန် ဖိတ်မန္တကပြုခြင်းအားဖြင့် နှစ်နိုင်ငံ ပူးတွဲကြေညာခြင်းအစီအစဉ်ကို လုပ်စွာ အနားသတ်လိုက်လေသည်။

ပြင်ပရှိ ဩကာသလောကဓာတ် တစ်ခွင်၌ နေ့တစ်နေ့ကုန်ဆုံးတော့မည်ဖြစ်သော်လည်း နိုင်ငံ့ခေါင်းဆောင်များ၏ သတင်းစကားကို စောင့်မျှော်နေကြသော သက်ဆိုင်ရာ ပြည်သူတို့၏ ရင်တွင်းကိုယ်စိစ်၌မူ ပိုမိုအားကောင်းသော မျှော်လင့်ချက်ရောင်စဉ်တန်းများဖြင့် လင်းလက်တောက်ပနေကြလိမ့်မည်ဟု….။ ။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီများဖက်ဒရေးရှင်း (IFRC) အဖွဲ့ အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Alexander James Matheou အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၁

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီများဖက်ဒရေးရှင်း (IFRC) အဖွဲ့၏ အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Alexander James Matheou အား ယနေ့ည နေပြည်တော်တွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။(ယာပို)

တွေ့ဆုံစဉ် IFRC အဖွဲ့နှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆောင်ရွက်လျက်ရှိသည့် ရှေးဦးသူနာပြုစုခြင်းနှင့် အရေးပေါ်လူနာ ညွှန်ပို့ခြင်းဆိုင်ရာကိစ္စရပ်များ၊ ပြည်သူလူထုအား ကျန်းမာရေး အသိပညာပေးခြင်းနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခံစားရမှုများ လျော့ပါးရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ၂၀၂၅ ခုနှစ်အတွင်း ဆက်လက်ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။



ဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ IFRC ရုံးမှ ဌာနေကိုယ်စားလှယ်နှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

တက္ကသိုလ်ကျောင်းသားများ၏ ကျောင်းဝင်မှတ်ပုံတင်ခြင်းနှင့် ကျောင်းဝင်ကြေးနှင့် ကျောင်းလခများကို အွန်လိုင်းငွေပေးချေခြင်းစနစ် မတ် ၁၇ ရက် (တနင်္လာနေ့)မှစတင်၍ ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်များတွင် စတင်ကျင့်သုံးမည်

နေပြည်တော် မတ် ၁၁



တက္ကသိုလ် ကျောင်းသားများ၏ ကျောင်းဝင်မှတ်ပုံတင်ခြင်း(Registration) နှင့် ကျောင်းဝင်ကြေး၊ ကျောင်းလခများကို Online Payment၊ Mobile Wallet ဖြင့် ပေးသွင်းခြင်းတို့ ချိတ်ဆက် ဆောင်ရွက်နိုင်ရေး ဦးစီးကော်မတီ အစည်းအဝေး(၁/၂၀၂၅)ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ(၁) ဦးဇော်မြင့်နိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်း အတွင်းဝန်များ၊ သက်ဆိုင်ရာ ဘဏ်နှင့် ငွေကြေးအဖွဲ့အစည်းများမှ ဦးစီးကော်မတီဝင်များ၊ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက တက္ကသိုလ် နေ့သင်တန်းနှင့် အဝေးသင် ကျောင်းသားများ၏ ကျောင်းဝင် မှတ်ပုံတင်ခြင်းနှင့် ကျောင်းဝင်ကြေး၊ ကျောင်းလခ ပေးသွင်းခြင်းများကို မိမိတို့ နှစ်သက်ရာ Online Payment၊ Mobile Wallet တို့ဖြင့် စတင် ဆောင်ရွက်သည့် အခမ်းအနား ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ဘဏ်အဖွဲ့အစည်းများ၏ ချိတ်ဆက်အောင်မြင်မှု ဖြစ်ပါကြောင်း၊ တက္ကသိုလ်ကျောင်းသားများ ငွေသားဖြင့် ကျောင်းဝင်ကြေး၊ ကျောင်းလခပေးသွင်းခြင်းအစား ဒစ်ဂျစ်တယ်ငွေကြေး (Digital Currency) သုံးစွဲခြင်းအလေ့အကျင့်ကို ပြောင်းလဲကျင့်သုံးနိုင်ခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ MMQR စနစ်တွင် ချိတ်ဆက်ထားသော ဘဏ်အဖွဲ့အစည်းများနှင့် အွန်လိုင်းငွေပေးချေခြင်းကို မတ် ၁၇ ရက် (တနင်္လာနေ့)မှစတင်၍ ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်များတွင် စတင်ကျင့်သုံးမည်ဖြစ်ပါကြောင်း၊ ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲမှုတွင် ပိုင်းဝန်းပါဝင်ပံ့ပိုးကူညီပေးကြသူများအားလုံးကို မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ (၁) က ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် စတင်အသုံးပြုနိုင်ပြီဖြစ်သော MMQR စနစ်ကို ဝန်ကြီးဌာနများအနက် ပညာရေးဝန်ကြီးဌာနက ပထမမြောက်ဆုံး စတင်အသုံးပြုခြင်းဖြစ်သဖြင့် သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ပါကြောင်း၊ Mobile Pay User ၉၀ ရာခိုင်နှုန်းကျော်အထိ လွယ်ခြုံနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ဘဏ်အဖွဲ့အစည်းများက ဆက်လက်ပူးပေါင်းဆောင်ရွက်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များနှင့် တက်ရောက်လာသူများက ဆွေးနွေးညှိနှိုင်းကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်)မှ ထူးချွန် ကျောင်းသား ကျောင်းသူများ ဂျပန်နိုင်ငံသို့ သွားရောက်

ရန်ကုန် မတ် ၁၁

ဂျပန်နိုင်ငံ Faculty of Dentistry, Nigata University နှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်တို့အကြား နှစ်နိုင်ငံပညာရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် အဖြစ် မတ် ၁၃ ရက်မှ ၂၈ ရက်အထိ Nigata University ၌ ကျင်းပပြုလုပ်မည့် Spring 2025 Study Program သို့ တက်ရောက်ရန် အတွက် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်မှ ထူးချွန် ကျောင်းသား ကျောင်းသူများဖြစ်ကြသော မောင်ဟိန်းထက်အောင်နှင့် မချောစုစုလင်းတို့သည် မတ် ၁၁ ရက်က လေကြောင်းခရီးဖြင့် ဂျပန်နိုင်ငံသို့ ထွက်ခွာသွားကြကြောင်း သိရသည်။ မြန်မာ့အလင်း

အရာထမ်းလောင်း(အထူး) သင်တန်း အမှတ်စဉ်(၁၄)နှင့် အရာထမ်းငယ်သင်တန်း အမှတ်စဉ်(၁၀၂) သင်တန်းဆင်း

နေပြည်တော် မတ် ၁၁

အရာထမ်းလောင်း (အထူး) သင်တန်းအမှတ်စဉ် (၁၄) နှင့် အရာထမ်းငယ်သင်တန်း အမှတ်စဉ် (၁၀၂)တို့၏ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် နိုင်ငံဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်) စစ်ရေးပြကွင်း၌ ကျင်းပရာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစီးတင့်၊ ပါမောက္ခချုပ် ဦးကျော်စိုး၊ ဒုတိယပါမောက္ခချုပ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တက္ကသိုလ် သင်ကြား၊ စီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးစီးတင့်က သင်တန်းဆင်းအမှာစကား ပြောကြားရာ တွင် နိုင်ငံဝန်ထမ်းများသည် အရေးပါသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိသည့်အတွက် အရည်အချင်းနှင့် ကျွမ်းကျင်မှု၊ လုံလဝီရိယနှင့် တာဝန်ကျေပွန်မှု၊ စိတ်ဓာတ်နှင့် စည်းကမ်းများ ကောင်းမွန်မှသာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် မြှင့်တင်ဆောင်ရွက် နိုင်မည်ဖြစ်သည့်အတွက် တစ်ဦးချင်းစီအနေဖြင့် မိမိတို့တတ်နိုင်သည့်ဘက်မှ ပိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ထို့ပြင် နိုင်ငံ့ဝန်ထမ်းသစ္စာ အဓိဋ္ဌာန် (၆) ချက်ကို ဦးထိပ်ပန်ဆင်ကာ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ် အပါး ခုဝ တို့ကို စောင့်ထိန်းလိုက်နာခြင်းအားဖြင့် နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်အောင် ကြိုးပမ်း ဆောင်ရွက်ကြရန်၊ ဝန်ထမ်းသက်တမ်းတစ်လျှောက် အရည်အချင်းနှင့် လုပ်ငန်း စွမ်းဆောင်ရည် မြင့်မားပြီး အဂတိတရား ကင်းရှင်းသည့် စိတ်ဓာတ်နှင့်စည်းကမ်း ကောင်းမွန်သော ဝန်ထမ်းများဖြစ်အောင် ကျင့်ကြံပြုမူ နေထိုင်ကြရန်နှင့် ပါတီနိုင်ငံရေး ကင်းရှင်းစွာဖြင့် နိုင်ငံတော်၏ စီမံအုပ်ချုပ်ရေး ယန္တရား အောင်မြင်စွာလည်ပတ် နိုင်အောင် ကျရောကဏ္ဍမှ အားထုတ် ကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့သည်။



အရာထမ်းလောင်း (အထူး) သင်တန်းအမှတ်စဉ်(၁၄)၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့ပြီး နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုးက ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ ဘွဲ့လက်မှတ်များ ချီးမြှင့်ခဲ့သည်။

အရာထမ်းလောင်း (အထူး) သင်တန်းအမှတ်စဉ် (၁၄) သို့ သင်တန်းသား၆၅၅ဦး၊ သင်တန်းသူ ၅၀ စုစုပေါင်း ၁၁၅ ဦးနှင့် အရာထမ်းငယ်သင်တန်း အမှတ်စဉ် (၁၀၂)သို့ သင်တန်းသား ၁၃၅ ဦး၊ သင်တန်းသူ ၂၃၄ ဦး စုစုပေါင်း ၃၆၉ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ သတင်းစဉ်

မြားပစ်အားကစားသမားများ၏ လက်ရည်ဆန်းစစ် မြားပစ်ပြိုင်ပွဲကျင်းပ

နေပြည်တော် မတ် ၁၁

(၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် (Gold Camp)နှင့် (Youth Camp)တို့တွင် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် မြားပစ်အားကစားသမားများ၏ လက်ရည်ဆန်းစစ် မြားပစ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ မြားပစ်လေ့ကျင့်ရေးကွင်း၌ ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးသည်။

ယနေ့ပွဲစဉ်များအဖြစ် (အမျိုးသား/အမျိုးသမီး) Recurve တစ်ဦးချင်းရှုံးထွက်ပွဲစဉ်တွင် ပြည့်စုံနှင်းက ပထမ၊ ကောင်းခန့်မော်က ဒုတိယနှင့် သီဟထက်ဇော်က တတိယ၊ Compound တစ်ဦးချင်းရှုံးထွက်ပွဲစဉ်တွင် ဇင်သူရိန်မှူးက ပထမ၊ အောင်ကိုဦးက ဒုတိယနှင့် စုစုလှိုင်က တတိယတို့ရရှိသည်။

ထို့နောက် ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဆက်လက် ကျင်းပရာ အတိုးတက်ဆုံးအားကစားသမားဆု ရရှိခဲ့ကြသည့် ပြည်နှံနှင်း(Gold Camp)နှင့် ချိုချို(ဇင်(Youth Camp)၊ Recurve၊ Compound တစ်ဦးချင်း ရှုံးထွက် ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသူများအား အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ယာဝုံ)နှင့် ဒုတိယဝန်ကြီးများက ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးက မြားပစ် အားကစားနည်းမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ အားကစားသမားများအား နေ့လယ်စာပြင်ဆင်ကျွေးမွေးနေမှုနှင့် စားသောက် နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဝဏ္ဏသိဒ္ဓိအားကစား ကွင်း Social Zone အတွင်းရှိ အားကစားနှင့်လူငယ် ရေးရာဝန်ကြီးဌာနမှ ဖွင့်လှစ်ပြသထားသည့် မြန်မာ့ အားကစားလှုပ်ရှားမှုပြခန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်



ရေးကောင်စီအစိုးရလက်ထက် အားကစားလှုပ်ရှားမှု ပြခန်းနှင့် အာရှအားကစားပြိုင်ပွဲများနှင့် အရှေ့ တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရွေတံဆိပ်ဆု ရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းကြီးများ၏ ပုံတူရုပ်တုများ ပြခန်းကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ပြခန်းများ ရေရှည်တည်တံ့စေရေး၊ မှတ်တမ်းမှတ်ရာများ စနစ် တကျရှိစေရေးနှင့် ပျက်စီးမှုများမရှိစေရေးအတွက် ထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်၌ အင်ဂျင်နီယာ ဘာသာရပ်အလိုက် အေးချမ်းစွာပညာသင်ကြား

နေပြည်တော် မတ် ၁၁

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျာသည် မတ် ၈ ရက် မွန်းလွဲပိုင်းတွင် လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် (West Yangon Technological University–WYTU) သို့ ရောက်ရှိခဲ့ပြီး နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်လမ်းညွှန် မှာကြားချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဒုတိယဝန်ကြီးသည် ပင်မသုံးထပ်ဆောင် တည်ဆောက်ရေး လုပ်ငန်းပြီးစီးမှုနှင့် Multipurpose Hall အခြေအနေများ၊ အဓိပတိလမ်းမကြီးတွင် အရိပ်ရပင်များ၊ ပလက်ဖောင်းနှင့် လမ်းမီးတိုင်များ တပ်ဆင်ပြီးစီးမှု၊ ယာဉ်ရပ်နားရန် နေရာများနှင့် Drainage System လုပ်ငန်းများ၊ တက္ကသိုလ်ဓမ္မာရုံ တည်ဆောက်ရေး လုပ်ငန်းပြီးစီးမှု၊ Recreation Center တည်ဆောက်ရန် လျာထားဖြေနေရာ၊ ဘောလုံးကွင်း တည်ဆောက်ရေးလုပ်ငန်းပြီးစီးမှုနှင့် Master Plan ဆိုင်ရာ လုပ်ငန်းများအတိုင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော် ဝန်ကြီးချုပ်၏ ခရီးစဉ်လမ်းညွှန်မှာကြားချက်များအတိုင်း ဆက်လက်လိုက်နာဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် အင်ဂျင်နီယာဘာသာရပ်များအလိုက် စာသင်ခန်းများတွင် စိတ်ရွှင်လန်းချမ်းမြေ့စွာ သင်ကြားလျက်ရှိကြသော ကျောင်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး (၀ဝပုံ) ဒုတိယဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အတွက် အမှန်တကယ် အားထားရသည့် ဗလငါးတန်နှင့် ပြည့်စုံသော ကျင့်ဝတ်၊ စည်းကမ်းများကို လေးစားလိုက်နာသော အင်ဂျင်နီယာလူငယ်ကောင်းများ ဖြစ်စေရေး ကျင့်ကြံကြိုးပမ်းဆောင်ရွက်သွားကြရန်၊ နည်းပညာဖွံ့ဖြိုးမှုအရွေ့နှုန်းတို့နှင့်အတူ လိုက်ပါနိုင်ရေး လေ့လာဆည်းပူးကြရန် တိုက်တွန်းမှာကြားကာ လိုအပ်ချက်တင်ပြမှုများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဆိုလာစနစ်တပ်ဆင်သုံးစွဲထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။ ဆက်လက်၍ စာကြည့်တိုက်သို့ ရောက်ရှိပြီး ကျောင်းသားများ လေ့လာဖတ်ရှုနေမှုကို ကြည့်ရှုအားပေးပြီး စာအုပ်များထားရှိမှုနှင့် ပြင်ဆင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ ခေတ်မီစာကြည့်တိုက် ဖြစ်စေရေးအတွက် နည်းပညာ အဆင့်မြှင့်တင် ဆောင်ရွက်သွားရန် မှာကြားပြီး စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်များ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

သတင်းစဉ်

လွိုင်ကော်မြို့၌ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

လွိုင်ကော် မတ် ၁၁

ကယားပြည်နယ် လွိုင်ကော်မြို့၌ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးခန်းမ၌ ကျင်းပရာ ပြည်နယ် စားသုံးသူရေးရာကော်မတီဥက္ကဋ္ဌ ပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးစိန်ဦးနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် အခြားဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ် စားသုံးသူရေးရာကော်မတီဥက္ကဋ္ဌ ပြည်နယ် စီးပွားရေးရာဝန်ကြီးက ယခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများ နေ့၏ ဆောင်ပုဒ်မှာ လူနေမှုဘဝအစဉ်တည်တံ့ဖို့ မျှတအသွင်ကူးပြောင်းစို့ (A Just Transition To Substainable Lifestyles) ဖြစ်ကြောင်း၊ စားသုံးသူအခွင့်အရေးများကို အားကောင်းစေပြီး လူနေမှုဘဝ အစဉ်တည်တံ့နိုင်ရေးအတွက် အမျိုးသားရေး အသိစိတ်ဓာတ်ဖြင့် အားလုံးပိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် စားသုံးသူကာကွယ်ရေးဆိုင်ရာ ဗီဒီယိုကလစ်ကို ပြသခဲ့ပြီး စားသုံးသူရေးရာ ကော်မတီအတွင်းရေးမှူး ခေတ္တပြည်နယ်ဦးစီးမှူး ဦးမိုးညွှန့်ဦးက စားသုံးသူကာကွယ်ရေးဆိုင်ရာ အကြောင်းအရာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြောင်း သိရသည်။

ကိုတွတ်(ပြန်/ဆက်)

(၂၄) ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံ သုတေသနညီလာခံ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၁

ပညာရေးဝန်ကြီးဌာန (၂၄)ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံ သုတေသနညီလာခံ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာနှင့်သိပ္ပံခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသက်လွင်က ပညာရှင်အဖွဲ့ဆုရရှိသူများနှင့် ဘာသာရပ်ဆိုင်ရာ အကောင်းဆုံးစာတမ်း ဆုရရှိသူများအား လည်းကောင်း၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်ကျော် နှင့် ဒေါက်တာဦးဝင်းတို့က ဘာသာရပ်နယ်ပယ်အလိုက် အကောင်းဆုံးသုတေသန စာတမ်းဆု ရရှိကြသူများအား လည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနေဝင်းဦးနှင့် ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကေသွယ်လှိုင်တို့က ပိုစတာဆု ရရှိကြသူများအား လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။



ထို့နောက် ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာနမှ ကျောင်းသားကျောင်းသူများက မြကျွန်းညီညွတ်ရေး တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်ကျော်က တေးသီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကို လက်ဆောင်များ ပေးအပ်ကာ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသက်လွင်က ကျေးဇူးတင်စကားပြောကြားကြောင်းသိရသည်။

သတင်းစဉ်



ပဲခူးတိုင်းဒေသကြီး၌ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားကျင်းပ

ပဲခူး မတ် ၁၁

ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့ နံနက်ပိုင်းက ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းတက်ရောက် ချီးမြှင့်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က စားသုံးသူအခွင့်အရေး တိုးတက်ကောင်းမွန်ခြင်းသည် စီးပွားရေးလုပ်ငန်းရှင်တို့၏ ထုတ်ကုန်အရည်အသွေး တိုးတက်ကောင်းမွန်ခြင်း၊ ပြည်သူများ လုံခြုံစိတ်ချရမှုရှိခြင်းမှ တစ်ဆင့် နာမည်ကောင်းရရှိခြင်း၊ စားသုံးသူများ၏ ယုံကြည်မှုရရှိပြီး ရောင်းအားကောင်းလာခြင်း၊ စွမ်းကွက်ပိုမိုရရှိခြင်း စသည့် အောင်မြင်တိုးတက်မှုများဖြစ်ပေါ်စေကာ နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်မည့် ကုန်စည်များ ထုတ်လုပ်ရောင်းချသွားနိုင်မည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်၊ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ ဆောင်ပုဒ်ဖြစ်သည့် “လူနေမှုဘဝ အစဉ်တည်တံ့ဖို့ မျှတအသွင်ကူးပြောင်းစို့” ဆိုသည့်အတိုင်း စားသုံးသူများ၏ ပိုမိုကောင်းမွန်သော အကာအကွယ်နှင့် စွမ်းဆောင်နိုင်မှုတို့အပြင် ကျန်းမာရေးနှင့် ညီညွတ်သော ရွေးချယ်မှု၊ ကောင်းမွန်သော လူနေမှုအဆင့်အတန်းနှင့် ပတ်ဝန်းကျင်ကောင်းများရရှိစေရေး ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ ပြည်သူများ ပူးပေါင်း၍ ဟန်ချက်ညီညီ စဉ်ဆက်မပြတ် ဆက်လက် ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ဝင်းက ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပနိုင်ခဲ့မှုနှင့် ပတ်သက်၍ ပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့်အတူ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ် ဗီဒီယိုကလစ်ကို ကြည့်ရှုကြသည်။

ယင်းနောက် ပြခန်းအတွင်း ပြသထားသည့်စားသုံးသူ အခွင့်အရေးဆိုင်ရာ အသိပညာပေးပြခန်းကို လှည့်လည်ကြည့်ရှုကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ဘားအံခရိုင် လူထုအခြေပြုဗဟိုဌာနခွဲ နွေရာသီအခြေခံ ကွန်ပျူတာ၊ အင်္ဂလိပ်စာနှင့် ပန်းချီသင်တန်းများဖွင့်

ဘားအံ မတ် ၁၁

ကရင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူး၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(ဘားအံ)၊ ပြည်နယ်စာကြည့်တိုက်များ ဖောင်ဒေးရှင်းနှင့် ပန်းချီပညာရှင်များ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီအခြေခံကွန်ပျူတာသင်တန်း၊ အခြေခံအင်္ဂလိပ်စာ(Grammar)သင်တန်းနှင့် အခြေခံပန်းချီသင်တန်းတို့တွင် သင်တန်းသား သင်တန်းသူ ၁၃၅ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း ဘားအံခရိုင်လူထုအခြေပြု ဗဟိုဌာနခွဲ ယနေ့နံနက်ပိုင်းက ကျင်းပသည့် သင်တန်းများ ဖွင့်ပွဲမှ သိရသည်။

သင်တန်းများဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက သင်ကြားပို့ချပေးသည့် ပညာရပ်များကို အခြေခံတတ်မြောက်ခြင်းမှသည်ကျွမ်းကျင်အသုံးပြုနိုင်သည်အထိ လေ့လာမှတ်သားရယူစေလိုပြီး ပညာရေးနယ်ပယ်၊ လုပ်ငန်းခွင် နယ်ပယ်များတွင် အထိုက်အလျောက် အထောက်အကူ ဖြစ်စေနိုင်သည့်အတွက် ကြိုးကြိုးစားစား လေ့လာသင်ယူကြစေလိုကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ပေးခြင်းသည် လူငယ်များ အသိဉာဏ် မြင့်မားစေရေး ရည်ရွယ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်က သင်တန်းဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသုံးမျိုး၊ ရက်ပေါင်း ၂၀ အတွက် ငွေကျပ် သိန်း ၄၀ ကို ပြည်နယ်ညွှန်ကြားရေးမှူးထံ ပေးအပ်သည်။

စောမျိုးမင်းသိန်း
(ပြန်/ဆက်)



အွန်လိုင်းလိမ်လည်မှု(Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ၂၆၆ ဦးနှင့် မလေးရှားနိုင်ငံသား ၂၅ ဦး လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၄၇ ဦး ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် မတ် ၁၁

မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation) ဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိရာ ယနေ့တွင် အဆိုပါ လုပ်ငန်းများ၌ ဆက်စပ်ပါဝင်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ၂၆၆ ဦးနှင့် မလေးရှားနိုင်ငံသား ၂၅ ဦးတို့အား မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာ နိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၄၇ ဦးကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

ဦးစွာ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများက ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါ်ပေါက်ပါက ပြည်နှင့်ရှင်းလင်းဆွေးနွေးပြီးမှ ပေးအပ်သည်။

ထို့အတူ မြဝတီမြို့-မယ်ထော သလေးနယ်မြေသို့ တရားမဝင် လမ်းကြောင်းများမှ တစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၂၄၇ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံးပြန်လည် လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်း ကောက်ယူခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၁၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၅၄၄၆ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၂၇၆၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာ နိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၆၈၃ ဦးကို သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

အဘိဓမ္မဟာရဋ္ဌဂုရု၊ အဘိဓမ္မအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ရွှေကျင်နိကာယ အဓိပတိမဟာနာယက သီတဂူဆရာတော် ဒေါက်တာအရှင်ဥာဏိဿရ၏ သက်တော်(၈၈)နှစ်ပြည့် ဝိဇာတမွေးနေ့အလှူတော်မင်္ဂလာပထမနေ့တွင် သာသနာ့နွယ်ဝင် သီလရှင်အပါး ၁၀၀၀ အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ဆေးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်း

နေပြည်တော် မတ် ၁၁

အဘိဓမ္မဟာရဋ္ဌဂုရု၊ အဘိဓမ္မအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ရွှေကျင်နိကာယ အဓိပတိမဟာနာယက သီတဂူဆရာတော် ဒေါက်တာအရှင်ဥာဏိဿရ၏ သက်တော် (၈၈) နှစ်ပြည့် ဝိဇာတမွေးနေ့အလှူတော် မင်္ဂလာပထမနေ့တွင် သာသနာ့နွယ်ဝင် သီလရှင်အပါး ၁၀၀၀ အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ဆေးနှင့် လှူဖွယ်ပစ္စည်းများလောင်းလှူပွဲကို ယနေ့နံနက် ၇ နာရီက စစ်ကိုင်းတောင်ရိုးရှိ သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာတက္ကသိုလ်၌ကျင်းပသည်။

ဦးစွာ စစ်ကိုင်းတောင်ရိုးတွင် ဝိပဿနာတရားများ ပွားများအားထုတ်လျက်ရှိကြသည့် သာသနာ့နွယ်ဝင်သီလရှင် ဆရာကြီး ဆရာလေးများက ကျောင်းတိုက်များအလိုက် စနစ်တကျစီတန်း၍



အလှူခံကြွကြရာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ စစ်ကိုင်းမြို့ရှိ ဌာနဆိုင်ရာများ၊ ပြည်တွင်း/ပြည်ပမှ ဧဝတနာရှင်အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်လောင်းလှူကြသည်။ ထို့နောက် သီတဂူဆရာတော် ဒေါက်တာအရှင်ဥာဏိဿရနှင့် အလှူခံကြွရောက်လာကြသည့် ဆရာကြီး ဆရာလေးများက ကောင်းမှုကုသိုလ်များအတွက် မေတ္တာပို့အမျှပေးဝေကြသည်။

သီတဂူဆရာတော် ဒေါက်တာအရှင်ဥာဏိဿရ၏ သက်တော်(၈၈) နှစ်ပြည့် ဝိဇာတမွေးနေ့အလှူတော်တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စစ်ကိုင်းမြို့ရှိ ဌာနဆိုင်ရာများ၊ ပြည်တွင်း/ပြည်ပမှ ဧဝတနာရှင်အလှူရှင်များက ဆွမ်းဆန်တော်အိတ် ၁၀၀၀၊ ဆီပိဿာ ၂၀၀၀၊ ပဲတစ်ပြည်ဝင်အိတ် ၁၀၀၀ နှင့် လှူဖွယ်ပစ္စည်းများအား စစ်ကိုင်းတောင်ရိုးရှိ သီလရှင်စာသင်တိုက်များမှ သာသနာ့နွယ်ဝင် သီလရှင် ဆရာကြီး ဆရာလေးများကို လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားကျင်းပ

မော်လမြိုင် မတ် ၁၁

မွန်ပြည်နယ် မော်လမြိုင်မြို့ ၂၀၂၅ခုနှစ် မတ်လ ၁၅ ရက်တွင်ကျရောက်မည့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ မွန်ပြည်နယ် စားသုံးသူရေးရာကော်မတီအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က မြန်မာနိုင်ငံတွင် အခြားနိုင်ငံများနည်းသူ စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို အထူးဂရုပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အာဆီယံစားသုံးသူ ကာကွယ်ရေးရာကော်မတီတွင်လည်း မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ်ပါဝင်ထားပြီး မွန်ပြည်နယ်အနေဖြင့် စားသုံးသူအခွင့်အရေးများ ကော်မတီအနေဖြင့် အသိပညာပေးခြင်း၊ သတင်း ဖြန့်ဝေခြင်း၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေခြင်းနှင့် တိုင်ကြားမှုဖြေရှင်းခြင်း လုပ်ငန်းစဉ်များကို လိုက်ပါပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ "စားသုံးသူတိုင်းဟာ စားသုံးသူအခွင့်အရေးရှိပါတယ်" ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ စားသုံးသူကာကွယ်ရေး လုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က စားသုံးသူကာကွယ်ရေးဆိုင်ရာ သိကောင်းစရာ Video Clip ကို ပြသခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်းများက စောင့်ရှောက်ပိုင်းကူ စားသုံးသူ တေးသီချင်းဖြင့် သီဆိုဖျော်ဖြေနေမှုများကို ကြည့်ရှု



အားပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က စားသုံးသူရေးရာကော်မတီအဖွဲ့ဝင်များ၊ ဒေသခံ MSMEs လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)



နှစ် (၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သွေးလှူဒါန်း

နေပြည်တော် မတ် ၁၁

၂၀၂၅ ခုနှစ် နှစ်(၈၀) ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၁) တပ်မတော်ထောက်ပံ့နှင့် ပို့ဆောင်ရေးကျောင်းတောင်ငူမှ အရာရှိ၊ စစ်သည်၊ ရဲမေ၊ သင်တန်းသား ၁၂၇ ဦးတို့သည် ယနေ့နေ့က နယ်မြေခံဆေးတပ်ရင်း၌ သတ္တမအကြိမ်မြောက် ဒါန ဥပါရမီ ဇီဝိတဒါနစုပေါင်းသွေးလှူဒါန်းခဲ့ကြပြီး ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီး အောင်ကျော်ဦးက (၈၅)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် မတ် ၁၁

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

မိုး/ဧလ

ဥပဒေပညာရပ်ဆိုင်ရာ အသိပညာဖြန့်ဝေပေးနိုင်ရေး တိုင်းဒေသကြီးအဆင့် ဆင့်ပွားဆွေးနွေးပွဲသင်တန်းဖွင့်

ပြည် မတ် ၁၁

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်ခရိုင်နှင့် နတ်တလင်းခရိုင်အတွင်းရှိ ပညာရေးမှူးရုံးများမှ အရာထမ်း၊ အမှုထမ်းများအား ဥပဒေပညာရပ်ဆိုင်ရာ အသိပညာဖြန့်ဝေပေးနိုင်ရေး တိုင်းဒေသကြီးအဆင့် ဆင့်ပွားဆွေးနွေးပွဲ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က ပြည်မြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း မြတ်ရတနာပန်းခင်း ခန်းမ၌ ကျင်းပသည်။



ဦးစွာ ပဲခူးတိုင်းဒေသကြီး (အနောက်) တိုင်းပညာရေးမှူး၊ ညွှန်ကြားရေးမှူး ဒေါက်တာချစ်ကိုကို သင်တန်းက ပို့ချသည့် ဥပဒေပါအကြောင်းအရာများကို သင်တန်းစဉ်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ လေ့လာမှတ်သားကြရန် အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ ပြည်ခရိုင်နှင့် နတ်တလင်းခရိုင်အတွင်း ခရိုင်နှင့် မြို့နယ်ပညာရေးမှူးရုံးများမှ အရာထမ်း၊ အမှုထမ်း သင်တန်းသား သင်တန်းသူ စုစုပေါင်း၅၅ဦးတက်ရောက်ကြပြီး သင်တန်းကာလ နှစ်ရက်ကြာ ရှင်းလင်းဆွေးနွေး ပို့ချမည်ဖြစ်ကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)

နွေရာသီအားလပ်ရက် ပန်းချီသင်တန်းဆင်း

ရမည်းသင်း မတ် ၁၁

ရမည်းသင်းမြို့ လူမှုထူးချွန်စာကြည့်တိုက်ကော်မတီက ကြီးမှူးကျင်းပသော နွေရာသီအားလပ်ရက်အတွင်း အခြေခံပန်းချီရေးဆွဲနည်းသင်တန်းဆင်းပွဲကို ယနေ့နံနက်က လူမှုထူးချွန်စာကြည့်တိုက်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် လူမှုထူးချွန်စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးဝင်းရွှေက ပန်းချီသင်တန်းဖွင့်လှစ်ခြင်းကို ရှင်းလင်းပြောကြားပြီး ပန်းချီသင်တန်းဖြစ်မြောက်ရေးအလှူရှင်များကို ဂုဏ်ပြုလက်မှတ်ပေးအပ်သည်။

ထို့နောက် လူမှုထူးချွန်စာကြည့်တိုက် ကော်မတီအတွင်းရေးမှူး ဦးဟန်မောင်က ပန်းချီပြိုင်ပွဲ ထူးချွန်ဆုရွေးချယ်မှုကို ရှင်းလင်းပြောကြားပြီး ဆုရရှိသည့်ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆု ပေးအပ်ကာ ပန်းချီသင်တန်းတက်ရောက်ကြသည့် သင်တန်းသား သင်တန်းသူ ၅၄ ဦးကို သင်တန်းဆင်းလက်မှတ် ပေးအပ်ချီးမြှင့်ပြီး သင်တန်းနည်းပြ ဆရာဦးအောင်စိုးအား ဂုဏ်ပြုမှတ်တမ်းပေးအပ်သည်။

အဆိုပါပန်းချီသင်တန်းကို မတ် ၁ ရက်မှ ၁၀ ရက်အထိ လက်တွေ့သင်ကြားကြောင်း သိရသည်။

ဇော်ဝင်းအောင်(ခရိုင် ပြန်/ဆက်)



ဖိလစ်ပိုင်သမ္မတဟောင်း ဒူတာတေးကို နိုင်ငံတကာရာဇဝတ်ခုံရုံးက ဖမ်းဆီး

မနီလာ မတ် ၁၁

နိုင်ငံခြားမှ မနီလာသို့ ပြန်လည်ရောက်ရှိလာသော ဖိလစ်ပိုင်သမ္မတဟောင်း ရီဒရီဂို ဒူတာတေးကို ရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်း ဖိလစ်ပိုင်သမ္မတရုံးက မတ် ၁၁ ရက်က ကြေညာချက် ထုတ်ပြန်လိုက်သည်။

မနီလာရှိ နိုင်ငံတကာရဲတပ်ဖွဲ့သည် မတ် ၁၁ ရက်က နိုင်ငံတကာရာဇဝတ်ခုံရုံး၏ တရားဝင်ဖမ်းဝရမ်းကို လက်ခံရရှိခဲ့သည်ဟု ဖိလစ်ပိုင်သမ္မတရုံး၏ ထုတ်ပြန်ဖော်ပြချက်အရ သိရသည်။

ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၂၀ တွင် မနီလာလေဆိပ်သို့ရောက်ရှိလာသော ဒူတာတေးအား နိုင်ငံတကာရာဇဝတ်ခုံရုံး အစိုးရရှေ့နေချုပ်က နိုင်ငံတကာရဲတပ်ဖွဲ့မှတစ်ဆင့် ဖမ်းဝရမ်းထုတ်ခဲ့ခြင်းဖြစ်သည်။

အစိုးရဆရာဝန်များက သမ္မတဟောင်းကို ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ချိန်တွင် ဒူတာတေးသည် ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း သမ္မတရုံးက ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

ဖမ်းဆီးခံရခြင်းနှင့်ပတ်သက်ပြီး ဒူတာတေးသည် ၎င်းကိုယ်တိုင် မေးခွန်းထုတ်ခဲ့သည်။ မိမိကျူးလွန်ခဲ့သော ရာဇဝတ်ပြစ်မှုက ဘာလဲဆိုပြီး သူ့မိသားစုထံပေးပို့ခဲ့သော ရုပ်သံဖိုင်တွင် ပြောကြားခဲ့သည်။

ဒူတာတေးကို ဖမ်းဆီးခြင်းသည် တရားမဝင်ကြောင်း သမ္မတ၏ ဥပဒေအကြံပေးအကြီးအကဲဟောင်းက မတ် ၁၁ ရက်တွင် ပြောကြားခဲ့သည်။

ဖိလစ်ပိုင်သည် နိုင်ငံတကာရာဇဝတ်ခုံရုံးအဖွဲ့မှ ၂၀၁၉ ခုနှစ်တွင် နှတ်ထွက်ခဲ့သည်။ ဒူတာတေးသည် ၎င်း၏ သမ္မတသက်တမ်းတစ်လျှောက် မူးယစ်ဆေးဝါးစစ်ပွဲခေါ်သည့် တရားမဝင်မူးယစ်ဆေးဝါးနှိမ်နင်းမှုကို ဦးဆောင်ခဲ့သည်။ အဆိုပါနှိမ်နင်းမှုအတွင်း မူးယစ်ဆေးနှင့်ပတ်သက်ပြီး သံသယရှိသူ ၆၀၀၀ ကျော်သေဆုံးခဲ့ကြောင်း သိရသည်။



ဆင်ဟွာ၊ အင်နှအိတ်ချ်ကေ



ကင်ညာနိုင်ငံ ဂါရစ်ဆာဒေသရှိ ဒုက္ခသည်စခန်းတစ်ခုကို တွေ့ရစဉ်။

ကမ္ဘောဒီးယားနိုင်ငံသို့ ဇန်နဝါရီလအတွင်း နိုင်ငံခြားခရီးသွားဝင်ရောက်မှု ၁၃ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်

ဖနောင်ပင် မတ် ၁၁

ကမ္ဘောဒီးယားနိုင်ငံသည် ဇန်နဝါရီလတွင် နိုင်ငံခြားခရီးသွား ဖိသာစဉ့် ဦး လက်ခံရရှိခဲ့ပြီး ယမန်နှစ် အလားတူလကထက် ၁၃ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက မတ် ၁၁ ရက်တွင် ပြောသည်။

ကမ္ဘောဒီးယား နိုင်ငံသို့ လာရောက် လည်ပတ်သည့် နိုင်ငံခြား ခရီးသွားများအနက် ထိုင်းနိုင်ငံက အများဆုံးဖြစ်ပြီး ယင်းနောက်တွင် ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့က အများဆုံးဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းမှာ ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးကို ပံ့ပိုးပေးသည့် မဏ္ဍိုင်ကြီး လေးခုအနက် တစ်ခုဖြစ်ကြောင်း သိရသည်။

၂၀၂၅ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံခြားခရီးသွား ဝင်ရောက်မှုအရေအတွက် ၇ ဒသမ ၂ သန်းမှ ၇ ဒသမ ၅ သန်းအထိ တိုးမြှင့်လာရန် မျှော်လင့်ထားကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက မိန့်ခွန်းတစ်ရပ်တွင် ထည့်သွင်းပြောကြားထားသည်။

ထို့အပြင် ၂၀၂၄ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံခြား ခရီးသွား ၆ ဒသမ ၇ သန်း ဝင်ရောက်မှုရှိခဲ့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၃ ဘီလီယံရရှိခဲ့ကြောင်း၊ နိုင်ငံ၏ ပြည်တွင်းအသားတင် ကုန်ထုတ်လုပ်မှု(ဂျီဒီပီ)ကို ၉ ဒသမ ၄ ရာခိုင်နှုန်းအထိ ပံ့ပိုးပေးနိုင်ကြောင်း ၎င်းက ဆက်ပြောသည်။

ဆင်ဟွာ

ကင်ညာနိုင်ငံက ဒုက္ခသည်နှင့် ခိုလှုံခွင့်တောင်းခံသူပေါင်း ၈၂၀၀၀ ကျော် လက်ခံထားဟုဆို

နိုင်ရိုဘီ မတ် ၁၁

ကင်ညာနိုင်ငံသည် လတ်တလောတွင် ဒုက္ခသည်နှင့် ခိုလှုံခွင့်တောင်းခံသူ စုစုပေါင်း ၈၂၉၁၁ ဦးကို လက်ခံထားရှိကြောင်း အစိုးရအကြီးတန်းအရာရှိတစ်ဦးက မတ် ၁၀ ရက်တွင် ပြောသည်။အဆိုပါ ပမာဏမှာ ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းက ၈၂၉၃၂ ဦးမှ မြင့်တက်လာခြင်း ဖြစ်သည်။

ဒုက္ခသည်အများစုမှာ ပဋိပက္ခဖြစ်ပွားမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီး အင်အားအလုံးအရင်းဖြင့် နေရပ်စွန့်ခွာရမှုများဖြစ်ပွားသော ဂရိတ်ရေအိုင်ဒေသ၊ အရှေ့အာဖရိကဒေသနှင့် အာဖရိကဦးချို ဒေသတို့မှဖြစ်သည်ဟု ကင်ညာနိုင်ငံ၏ မြို့တော်နိုင်ရိုဘီတွင် ပြည်ထဲရေးနှင့် အမျိုးသားစီမံခန့်ခွဲရေး ဝန်ကြီး ကစ်ပ်ချမ်ဘာ မာကိုမန်က သတင်းထောက်များကို ပြောကြားခဲ့သည်။

ဒုက္ခသည်အရေအတွက် မြင့်တက်လာခြင်းက လုံခြုံရေး၊ စားရေရိက္ခာ၊ အစိုးအကာ၊ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အသက်မွေးဝမ်းကျောင်းမှု အထောက်အပံ့များအပါအဝင် လိုအပ်ချက်များကို ပိုမိုမြင့်တက်လာစေသည်ဟု မာကိုမန်က ပြောသည်။

ဒုက္ခသည်အရေအတွက် မြင့်တက်လာခြင်းသည် ကင်ညာတစ်နိုင်ငံတည်းအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်သင့်ဘဲ နိုင်ငံတကာအသိုင်းအဝိုင်း၏စုပေါင်းတာဝန်တစ်ခုဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

ဆင်ဟွာ



အစ္စရေးက ဆီးရီးယားစစ်ဌာနချုပ်များကို လေကြောင်းတိုက်ခိုက်

ဂျေရုဆလင် မတ် ၁၁

အစ္စရေးတပ်မတော်က ဆီးရီးယားနိုင်ငံတောင်ပိုင်းရှိ စစ်ဌာနချုပ်များနှင့် လက်နက်များ၊ စစ်ဘက်ဆိုင်ရာ ပစ္စည်းများထားသည့် နေရာများကို ညဘက်အချိန်၌ လေကြောင်း တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ကြောင်း မတ် ၁၁ ရက်တွင် ပြောသည်။

ထို့အပြင် လေကြောင်းထောက်လှမ်းရေး အကဲဖြတ်မှုများတည်ဆောက်ရာတွင်အသုံးပြုသည့် ရေဒါများနှင့် ရှာဖွေထောက်လှမ်းရေးပစ္စည်းများကိုလည်း ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြောင်း အဆိုပါ တပ်မတော်က ပြောသည်။ ယင်းကဲ့သို့ လေကြောင်းတိုက်ခိုက်မှုနှင့် ပတ်သက်ပြီး ထိခိုက်သေဆုံးမှုများကို ဖော်ပြထားခြင်းမရှိပေ။

ယင်းကဲ့သို့ ဆီးရီးယားတပ်မတော်ပိုင် အခြေခံအဆောက်အအုံများကို တိုက်ခိုက်ခြင်းမှာ အစ္စရေးတပ်မတော်၏ အကြိမ်ကြိမ် တိုက်ခိုက်မှုများအနက် နောက်ဆုံး တိုက်ခိုက်မှုဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

မလေးရှားနိုင်ငံတွင် ရေကြီးနစ်မြုပ်မှုကြောင့် လူ ၅၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်

ကွာလာလမ်ပူ မတ် ၁၁

မလေးရှားနိုင်ငံတွင် ရေကြီးနစ်မြုပ်မှုကြောင့် မတ် ၁၁ ရက်တွင် လူ ၅၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ပြီး ရေကြီးမှုဒဏ်အဆိုးဆုံးခံရသောဒေသမှာ မြောက်ပိုင်း ဘော်နီယိုပြည်နယ် ဆာဘားမြို့ဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

လွန်ခဲ့သော ရက်အနည်းငယ်အတွင်း ဆာဘားမြို့တွင် မိုးအဆက်မပြတ်ရွာသွန်းခဲ့ပြီး ရေကြီးနစ်မြုပ်ခဲ့သည်။ ရေကြီးနစ်မြုပ်ခဲ့သည့်အတွက် ရေဘေးခိုလှုံရေးစခန်း ၂၆ ခုတွင် ခိုလှုံနေထိုင်ရသူ ၄၉၀၆ ဦးရှိသည်။

အိမ်နီးချင်းပြည်နယ်ဖြစ်သည့် ဆာရာဝပ်တွင် ညနေ ၅ နာရီအထိ ဘေးလွတ်ရာသို့ရွှေ့ပြောင်းနေထိုင်သူ ၁၄၁ ဦးရှိကြောင်း မှတ်တမ်းတင်ခဲ့သည်။

မိုးလေဝသဌာနက မိုးအဆက်မပြတ်ရွာသွန်းပြီး လေပြင်းများတိုက်ခတ်မည်ကို သတိပေးချက်များ ထုတ်ပြန်ခဲ့သည်။

ဆင်ဟွာ

အစ္စရေးတပ်ဖွဲ့ ဂါဇာတောင်ပိုင်းတွင် လေကြောင်းတိုက်ခိုက်

ဂါဇာ မတ် ၁၁

အစ္စရေးတပ်ဖွဲ့က ဂါဇာတောင်ပိုင်းရှိ စစ်ဘက်ဆိုင်ရာအဆောက်အအုံများကို လေကြောင်းတိုက်ခိုက်မှုများ ညတွင်းချင်းပြုလုပ်ခဲ့သည်ဟု အစ္စရေးတပ်ဖွဲ့က မတ် ၁၁ ရက်က ပြောကြားလိုက်သည်။

တိုက်ခိုက်မှုအပေါ် သေဆုံးခြင်းနှင့်ပတ်သက်သည့် သတင်းဖော်ပြချက် မရှိသေးကြောင်း သိရသည်။

ဆီးရီးယားတပ်ဖွဲ့ပိုင်အခြေခံအဆောက်အအုံများကို အစ္စရေးတို့တိုက်ခိုက်မှု အမြောက်အများပြုလုပ်ခဲ့ရာ ယခုတိုက်ခိုက်မှုသည် နောက်ဆုံးတိုက်ခိုက်မှုတစ်ခုဖြစ်သည်။

ဆင်ဟွာ





ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီ လုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အဓိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၅-၃-၂၀၂၅ ရက်နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၄-၁၁-၂၀၂၄ ရက်နေ့မှ ၁၄-၂-၂၀၂၅ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ မဂ္ဂဇင်း နှစ်ဦးနှင့် အထွေထွေ ၃၅ ဦး ပေါင်း ၃၇ ဦးအား အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၉၉ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၅၈၈ ဦးနှင့် သတင်းအေဂျင်စီ လုပ်ငန်း ၄၁၀ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၆၁၇ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ပြည်သူ့ကြေးက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် မတ် ၁၁

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များ နှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြေးက ပြည်သူ့စကား" အစီအစဉ်မှ **"ယဉ်ကျေးမှုအမွေ စောင့်ထိန်းသူများကို အငြိုးထား ဘာသာတရားမဲ့တဲ့ ပြည်ဖျက်အကြမ်းဖက် PDF "** ခေါင်းစဉ်ဖြင့် ၁၂-၃-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"သံဃာတော်တွေကို တစ်ပြန်တစ်လှည့် သတ်ဖြတ်လာတဲ့ အကြမ်းဖက်သမားများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ရွှေသွေးဂျာနယ်

နေပြည်တော် မတ် ၁၁

၁၅ - ၃ - ၂၀၂၅ ရက်(စနေနေ့) တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၇)၊ အမှတ် (၁၁) တွင်- ဖွေးဥတို့အတန်းက စတင်လိုက်သောအတန်းတွင်းစာကြည့်တိုက်လေးမှ ကျောင်းစာကြည့်တိုက်အထိ တိုးတက်လာသောကြောင့် ကျောင်းသူ ကျောင်းသားများ ဗဟုသုတရရှိကာ ပျော်ရွှင်နေကြပုံ အကြောင်း သရုပ်ဖော်ထားသည့် "ကျောင်းစာကြည့်တိုက်" မျက်နှာဖုံးကာတွန်း၊ မျက်စိနာခြင်းကို ဖြစ်စေနိုင်သည့် နည်းလမ်းများနှင့် မျက်စိကျန်းမာရေးအတွက် သတိထားဆောင်ရွက်နိုင်မည့် နည်းလမ်းကောင်းများအကြောင်း တင်ဆက်ထားသည့် "မျက်စိနာခြင်း" သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်မည့် ဥာဏ်စမ်းကဏ္ဍ၊ ကြီးလာလျှင် မျက်စိအထူးကုဆရာဝန်ကြီးလုပ်မည်ဆိုသော ဂျိုးဂျိုးနှင့် ကျန်းမာရေးဗဟုသုတများအကြောင်း သရုပ်ဖော်ထားသည့် "ကီးကီ၊ ဂျိုးဂျိုးနှင့်ကျန်းမာရေး" နှစ်မျက်နှာကာတွန်း၊ မီးဖြင့် ဆော့ကစားမိသဖြင့် ဒုက္ခရောက်ရသော ပေတူးတို့ သူငယ်ချင်းတစ်စုအကြောင်းကို ဖတ်ရှုရမည့်



"မီး မပေါ်ဆရာ၊ မဆော့ရ" ဝတ္ထုကဏ္ဍ၊ ဥာဏ်စမ်းမေးခွန်းများ၏ အဖြေကို အချက်ကျကျပြန်လည် အဖြေပေးနိုင်သော ချက်ပု အကြောင်း သရုပ်ဖော်ထားသည့် "ချက်ပု- ပေါင်းမယ်၊ နှုတ်မယ်" တစ်မျက်နှာကာတွန်း၊ ကားအရုပ် မျိုးစုံဖြင့် ကစားမည်ဆိုသော ကလေးငယ် တစ်ယောက်အကြောင်း ရေးဖွဲ့ထားသည့် ဆရာ မန်းတင့်မော်၏ "သားနှင့် ကားရုပ်များ" ကဗျာကဏ္ဍ အပါအဝင် အင်္ဂလိပ်စာကဏ္ဍ၊ ရွှေသွေးတို့ လက်ရာကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။ တစ်စောင် - ကျပ် ၄၀၀ စာပေဗိမာန်စာအုပ် အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

သတင်းစဉ်

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂ - ၃ - ၂၀၂၅ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနာ	စစ်တွေ	ဘားအံ	ဟော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၃၁၅၅	၃၂၅၀	၃၂၄၅	၃၀၇၀	၃၂၇၅	၃၂၉၀	၃၃၀၀	၃၂၂၅	၄၀၈၅	၃၅၂၀	၃၂၄၅	၃၂၄၅	၃၃၀၅	၃၂၈၀	၃၃၀၀	၃၅၆၀
95 Ron	၃၂၈၅	၃၄၂၀	၃၂၈၅	၃၂၂၀	၃၄၂၅	၃၄၄၀	၃၄၆၀	၃၂၇၅	၄၀၆၀	၃၅၇၀	၃၂၉၅	၃၂၉၅	၃၄၀၅	၃၄၀၀	၃၄၅၀	၃၆၁၀
HSD (500 ppm)	၂၆၉၀	၂၈၀၅	၂၇၇၀	၂၇၀၅	၂၈၀၀	၂၈၂၅	၂၈၄၅	၂၇၆၅	-	၃၀၅၅	၂၇၈၀	၂၇၈၀	၂၈၅၅	၂၈၀၅	၂၈၄၀	၃၀၉၅
HSD (50 ppm)	၃၃၃၀	၃၄၄၅	၃၄၁၀	၃၃၄၅	၃၄၅၀	၃၄၆၅	၃၄၈၅	၃၄၀၀	၄၈၃၀	၃၆၉၅	၃၄၂၀	၃၄၂၀	၃၅၉၀	၃၄၇၅	၃၄၇၅	၃၇၃၅
HSD (10 ppm)	၃၃၃၀	၃၄၄၅	၃၄၁၀	၃၃၄၅	၃၄၅၀	၃၄၆၅	၃၄၈၅	၃၄၀၀	-	၃၆၉၅	၃၄၂၀	၃၄၂၀	၃၅၉၀	၃၄၇၅	၃၄၇၅	၃၇၃၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၉၈၂	၃၀၇၅
95 Ron	၃၀၃၀	၃၁၂၄
HSD (500 ppm)	၂၅၃၂	၂၆၁၃
HSD (50 ppm)	၃၁၅၁	၃၂၄၄
HSD (10 ppm)	၃၁၅၁	၃၂၄၄

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၂၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

၁၁ - ၃ - ၂၀၂၅ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ညီညီ - စုစည်းသည်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရွယ်ယာစောင်ရေ	ရွယ်ယာတန်ဖိုး (ကျပ်)
FMI	၇၂၀၀	၇၂၀၀	၅၀	၃၆၀၀၀၀
MTSH	၃၀၀၀	၃၀၀၀	၂၀၅	၆၁၅၀၀၀
MCB	၇၈၀၀	၇၈၀၀	၁၈	၁၄၀၄၀၀
FPB	၁၇၅၀	၁၇၅၀	၃၂၄	၅၆၇၀၀၀
TMH	၀	၀	၀	၀
EFR	၁၆၀၀	၁၆၀၀	၆၆၁	၁၀၃၀၁၀၀
AMATA	၀	၀	၀	၀
MAEX	၃၂၀၀	၃၂၀၀	၁၀၀	၃၂၀၀၀၀
MADPL (PLB)	၃၀၀၀	၃၀၀၀	၀	၀

မြန်မာ့တိုင်းရင်းဆေးသမားတော်များနေ့ အကြိုဂုဏ်ပြုဆောင်းပါး

ပညာရှင် ရှေးဆေးသမား၊ ကျေးဇူးတရားမမေ့ငြား ရှေးတိုင်းရင်းဆေးသမားတော်ကြီးများအကြောင်း သိကောင်းစရာ

နေနေနိုင်ရည် (တိုင်းရင်းဆေး)

နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူအများ ယုံကြည်အားထားသည့် တိုင်းရင်းဆေးပညာ ဘက်စုံဖြင့်များတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ကျန်းမာရေးဝန်ကြီးဌာနက တိုင်းရင်းဆေးပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်မြှင့် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

တိုင်းရင်းဆေးပညာသည် ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်ပေးနိုင်ရန် ခေတ်အဆက်ဆက် လက်ဆင့်ကမ်းခဲ့သော မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် အမျိုးသားရေးဆေးပညာ တစ်ရပ်ဖြစ်ပါသည်။ မြန်မာ့တိုင်းရင်းဆေးပညာသည် သမိုင်းမှတ်တမ်းများအရ တကောင်းခေတ်၊ သရေခေတ္တရာခေတ်၊ ပုဂံခေတ်၊ အင်းဝခေတ်၊ ရတနာပုံခေတ်စသည့် မြန်မာရှင်ဘုရင်များ အဆက်ဆက် ချီးမြှင့်မွေးကြက်စားခံခဲ့ရပြီး တော်ဝင်ဆေးပညာအဖြစ် တည်ရှိခဲ့ပါသည်။

တိုင်းရင်းဆေးပညာ၏ ရှေးသမားတော်များက လက်ဆင့်ကမ်း ပေးအပ်ခဲ့သော ဆေးပညာအမွေအနှစ်များရရှိခဲ့သည့် ကျေးဇူးတရားများကို မမေ့သည့်အနေဖြင့် **"ပညာရှင် ရှေးဆေးသမား၊ ကျေးဇူးတရားမမေ့ငြား"** ဆိုသည့်အတိုင်း တပေါင်းလပြည့်နေ့ကို **မြန်မာ့တိုင်းရင်းဆေးသမားတော်များနေ့**အဖြစ် ခေတ်အဆက်ဆက် သမားတော်ကြီးများက အစဉ်အလာမပျက် ကျင်းပခဲ့ကြပါသည်။

တိုင်းရင်းဆေးပညာ၏ ရှေးမြန်မာ့သမားတော်ဆရာတော်ကြီးများ၊ သမားတော်ကြီးများ၏ အကြောင်းကို လေ့လာသိရှိစေရန်နှင့် မြန်မာ့တိုင်းရင်းဆေးပညာကို ပိုမိုဖွံ့ဖြိုးတိုးတက်စေပြီး ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်ရန် ရည်ရွယ်ချက်တို့ဖြင့် ရှေးပညာရှင်ဆေးသမားတော်ကြီးများထဲမှ ထင်ရှားကျော်ကြားသော ဆရာတော်ကြီး၊ သမားတော်ကြီး ၁၀ ဦး၏ အတ္ထုပ္ပတ္တိအကျဉ်းကို ဂုဏ်ပြုရေးသားလိုက်ပါသည်။

မောင်းထောင်သာသနာပိုင်ဆရာတော် ဥဏှဘိဝံသမဟာသေနာပတိ

မောင်းထောင်ဆရာတော် ဥဏှဘိဝံသမဟာသေနာပတိသည် ပခန်းကြီးအနောက်ဘက် မြို့သာညောင်ညိုကြီးရွာ ဇာတိဖြစ်သည်။ ရှင်သာမဏေဘဝတွင် ဘိုးတော်ဘုရားကပင့်သဖြင့် အင်းဝသို့ တပည့်စု ၈၀ နှင့်အတူ ရောက်လာသည်။ ၁၁၄၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံမှ သဒ္ဒါကျမ်း၊ ဆန်းကျမ်း၊ အလင်္ကာကျမ်း၊ ဗေဒင်ကျမ်း၊ ဆေးကျမ်းစသော စာပေကျမ်းဂန်များကို ဗဒုံမင်းထံ ဆက်သခဲ့သည်။ ၁၁၄၈ ခုနှစ်တွင် အိန္ဒိယနိုင်ငံမှ ဆေးကျမ်း ခြောက်ကျမ်း၊ ၁၁၅၅ ခုနှစ်တွင် ဆေးကျမ်း သုံးကျမ်း၊ ၁၁၇၁ ခုနှစ်တွင် ဆေးကျမ်း နှစ်ကျမ်း၊ ၁၁၇၆ ခုနှစ်တွင် ဆေးကျမ်း လေးကျမ်းတို့ကို ယူဆောင်ခဲ့သည်။ အိန္ဒိယနိုင်ငံမှ ဆေးကျမ်းများကို ဆရာတော်ကြီးက ဘာသာပြန်ရေးသားခဲ့သည်။ ဒြဗျဂုဏာပြကာသကျမ်း၊ သာရကောမုဒီဆေးကျမ်း၊ ဩသရေတနာကရဆေးကျမ်း၊ ဓာတုပြဿံသဆေးကျမ်း၊ ကာမရတနဆေးကျမ်းနှင့် ၎င်းဆေးကျမ်းတို့၏ ဋီကာနှင့် ကျမ်းရင်းနိဿယတို့ကို ရေးသားပြုစုခဲ့သည်။

ယောအတွင်းဝန် ဦးဖိုးလှိုင်

ယောအတွင်းဝန် ဦးဖိုးလှိုင်ကို ယင်းတော်ဝန်ကြီး ဦးရွှေတုန်၊ ခေါ်ငြိမ်းတို့မှ ၁၁၉၁ ခုနှစ် တန်ခူးလဆန်း ၁၀ ရက် (သောကြာနေ့)တွင် မြင်းခြံခရိုင် တလုတ်မြို့နယ် ရွှေပုလဲရွာတွင် ဖွားမြင်ခဲ့သည်။ ဦးဖိုးလှိုင်သည် ငယ်စဉ်ကပင် စာပေဝါသနာပါသူဖြစ်ပြီး ပညာလွန်စွာထူးချွန်သူဖြစ်သည်။ ဦးဖိုးလှိုင်သည် မင်းတုန်းမင်းလက်ထက်မှ သီပေါမင်းလက်ထက်တိုင် အတွင်းဝန်၊ မြို့စား၊ အတိုင်ပင်ခံပညာရှိ စသော ရာထူးတို့ဖြင့် အမှုတော်ထမ်းရွက်ခဲ့သည်။ ဦးဖိုးလှိုင်သည် ကျမ်းပေါင်း ၂၀ ကျော် ပြုစုခဲ့ပြီး **ဥတုဘောဇနသင်္ဂဟဆေးကျမ်းနှင့် ကာယာနုပဿနာကျမ်း**တို့သည် တိုင်းရင်းဆေးပညာရပ်အတွက် တန်ဖိုးမဖြတ်နိုင်သည့် အကျိုးကျေးဇူးများလှသော ကျမ်းများဖြစ်သည်။ ဦးဖိုးလှိုင်သည် ၁၂၄၅ ခုနှစ် ဝါခေါင်လပြည့်နေ့တွင် ကွယ်လွန်သည်။

တိုင်းရင်းဆေးသမားတော်ကြီး တောင်သာဆရာမူနှိ

သမားတော်ကြီး ဆရာမူနှိကို မြင်းခြံခရိုင် တောင်သာမြို့တွင် မြန်မာသက္ကရာဇ် ၁၁၇၃ ခုနှစ်တွင် မွေးဖွားခဲ့သည်။ အသက် ၂၀ အရွယ် ရှင်သာမဏေဘဝတွင် လောကုတ္တရာစာပေပညာရှင် ဘိသက္ကပါရဂူဖြစ်တော်မူသည်။ မင်းတုန်းမင်းတရားကြီးလက်ထက်တွင် ဓာတ်ကြီးလေးပါးနှင့် အာကာသဓာတ်ကိုအခြေခံကာ ဥဏှတေဇောအကြောင်းခံ ကက္ခဋ၊ ဝိတ္ထမ္ဘိတ၊ ပရိသဝရောဂါ သုံးမျိုး၊ သီတအကြောင်းခံ သင်္ဘီဟိတ၊ ဗြူဟန၊ ပဋ္ဌရဏရောဂါ သုံးမျိုး ပေါင်းခြောက်မျိုး ခွဲခြားပြီး ခြောက်လုံးကောက်ဆေးပညာကို စတင်တီထွင်ခဲ့သည်။ ၁၂၂၈ ခုနှစ် အသက် ၅၅ နှစ်အရွယ်တွင် မင်းတုန်းမင်းတရားကြီးက **တိကိစ္ဆက ဆေကဘိသက္ကရာဇာ**ဟူသော ဘုရင့်သမားတော်ဘွဲ့ကို ချီးမြှင့်ခံရသည်။ ဆရာကြီးဆရာမူနှိသည် ၁၂၃၉ ခုနှစ် အသက် ၆၆ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သည်။

တိုင်းရင်းဆေးသမားတော်ကြီး သုံးဆယ်ဦးပန်းသာ

သမားတော်ကြီး ဦးပန်းသာသည် ဆရာကြီးဆရာမူနှိ၏ ထင်ရှားသောတပည့်ရင်းဖြစ်သည်။ ဦးပန်းသာသည် ဆရာမူနှိထံမှ ခံယူခဲ့သောနည်းများအပြင် မိမိကိုယ်တိုင်တွေ့ကြုံခဲ့ရသော လက်တွေ့ကုထုံးနည်းများနှင့် မိမိသုံးစွဲလာသောဆေးနည်းများကိုပါ ထည့်သွင်းလျက် ဓာတုဝိနိစ္ဆယ ရူပကဏ္ဍဆေးကျမ်းပြုစုခဲ့သည်။ ထိုကျမ်းတွင် မဟာဘုတ်လေးပါးနှင့် အမှီရုပ်များအကြောင်း၊ ရောဂါများအကြောင်း၊ ဥတုရာသီအကြောင်းများနှင့် ရောဂါအလိုက်ကုသပုံကုသနည်းများ၊ ဆေးနည်းများ၊ ယင်းတို့၏အကျိုးအာနိသင်များ၊ တိုက်ကျွေးကုသနည်းများကို ထည့်သွင်းရေးသားခဲ့သည်။ တော်လှန်ရေးအစိုးရက ၁၉၆၂ ခုနှစ်မှစ၍ (၃)ကြိမ်မြောက် ကျင်းပခဲ့သော တိုင်းရင်းဆေးဆရာ အရည်အချင်းစစ်စာမေးပွဲတွင် ဓာတုဝိနိစ္ဆယ ရူပကဏ္ဍဆေးကျမ်းကို ဒေသနာနယဘာသာရပ်အတွက် ပြဋ္ဌာန်းကျမ်းအဖြစ် သတ်မှတ်ခဲ့သည်။

တိုင်းရင်းဆေးသမားတော်ကြီး တွံတေးဦးဘိုးမင်း

သမားတော်ကြီး ဦးဘိုးမင်းကို ၁၂၁၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၁ ရက်(ကြာသပတေးနေ့)တွင် အမရပုရမြို့၌ မွေးဖွားသည်။ ငယ်စဉ်က သာမဏေဘဝနှင့်ပင် စာပေပရိယတ္တိများကို သင်ကြားခဲ့ပြီး ဆရာသမားတော်ကြီး ဦးမူနှိ၊ ဦးမဲ့နှင့် ဆရာတော် ဦးအာစရတို့ထံတွင် အဘိဓမ္မာ ဓာတ်ဆေးပညာ သင်ကြားခဲ့သည်။ ရဟန်းဘဝနှင့် သက္ကသီဟမဟာအက္ကျော် ဓမ္မာစရိယအဖြစ် အဘိဓမ္မာပညာရပ်များ၊ ရုပ်၂၈ ပါး၏ သဘောလက္ခဏာများ၊ အဘိဓမ္မာဆေးပညာရပ်များကို လေ့လာဆည်းပူးခဲ့သည်။ တွံတေးမြို့တွင်အခြေချ၍ ဆေးကုသသောအလုပ်ဖြင့် နာမည်ကျော်ကြား လူသိများခဲ့သည်။ ၁၉၃၃ ခုနှစ်တွင် နရသုခိအဓိပ္ပာယ်ကျမ်းကို ရေးသားခဲ့ပြီး ရူပဝိနိစ္ဆကုထုံးကျမ်း၊ ဥဏှနာ လေးပါး၊ သီတနာ လေးပါး ပေါင်း အနာရှစ်ပါးခွဲခြားရေးသားသော ပရမတ္ထဓာတ်ကျမ်းတို့မှာ ထင်ရှားသည်။

စာမျက်နှာ ၁၇ သို့



ယောအတွင်းဝန် ဦးဖိုးလှိုင်



တိုင်းရင်းဆေးသမားတော်ကြီး တွံတေးဦးဘိုးမင်း ရေးသားပြုစုခဲ့သည့် နရသုခိအဓိပ္ပာယ်ကျမ်း။



တိုင်းရင်းဆေးသမားတော်ကြီး ပရမတ္ထအလင်းပြဆရာသင် ရေးသားပြုစုခဲ့သည့် ပရမတ္ထအလင်းပြဆေးကျမ်း။

- **တိုင်းရင်းဆေးပညာ၏ ရှေးသမားတော်များက လက်ဆင့်ကမ်းပေးအပ်ခဲ့သော ဆေးပညာအမွေအနှစ်များရရှိခဲ့သည့် ကျေးဇူးတရားများကို မမေ့သည့်အနေဖြင့် "ပညာရှင်ရှေးဆေးသမား၊ ကျေးဇူးတရားမမေ့ငြား" ဆိုသည့်အတိုင်း တပေါင်းလပြည့်နေ့ကို မြန်မာ့တိုင်းရင်းဆေးသမားတော်များနေ့အဖြစ် ခေတ်အဆက်ဆက် သမားတော်ကြီးများက အစဉ်အလာမပျက် ကျင်းပခဲ့**
- **မျိုးဆက်သစ် လူငယ်တိုင်းရင်းဆေးပညာရှင်များအနေဖြင့် ရှေးသမားတော်များက ပေးအပ်ခဲ့သော တိုင်းရင်းဆေးပညာအမွေအနှစ်များကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ပြည်သူလူထုကျန်းမာရေးကို တိုင်းရင်းဆေးပညာဖြင့် ပိုမိုစောင့်ရှောက်ပေးခြင်းသည် ရှေးမြန်မာ့တိုင်းရင်းဆေးသမားတော်များ၏ ကျေးဇူးကို ဆပ်ရာရောက်**

မိတ္ထီလာမြို့နယ်ရှိ တက္ကသိုလ်ဝင်စာမေးပွဲစာဖြေဌာနများ လျှပ်စစ်မီးအဆင်ပြေစေရေး ဆောင်ရွက်

မိတ္ထီလာ မတ် ၁၁

မြို့နယ်ရှိ တက္ကသိုလ်ဝင်စာမေးပွဲမန္တလေးတိုင်းဒေသကြီး မိတ္ထီလာ ဖြေဆိုမည့် စာဖြေဌာနများ၌



လျှပ်စစ်သုံးစွဲမှု အဆင်ပြေစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး မတ် ၁၀ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်သည်။(ဝဲပုံ)

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မိတ္ထီလာမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမင်းကိုနှင့် အဖွဲ့က မြို့နယ်အတွင်းရှိ စာဖြေဌာနများဖြစ်သည့် အခြေခံပညာအထက်တန်းကျောင်း ငါးကျောင်းသို့ လျှပ်စစ်သုံးစွဲမှု အဆင်ပြေစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)



စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

နေပြည်တော် မတ် ၁၁

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု သုတပဒေသာ (ဝိဇ္ဇာ)ပထမဆုရ **"ယဉ်ယဉ်မွန် (ရွှေဟောင်းသုတေသန)"** ရေးသားသည့် **"မြို့တည်နန်းတည် ကေတုမတီ (တောင်ငူ)"** စာအုပ်ကို ၂၀၂၅ ခုနှစ် မတ်လ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်း၀င်များထံသို့ ဖြန့်ချိလျက်ရှိပါသည်။

ရန်ကုန်မြို့ရှိ စာအုပ်အသင်း၀င်များသည် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်း၀င်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်း၀င်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/ ၅၃၁)ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၂၄၉၀၃၊ ၃၀၁၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ကျေးသီးမြို့၌ လျှပ်စစ်ဓာတ်အားလိုင်း ပြုပြင်ထိန်းသိမ်း

ကျေးသီး မတ် ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့ မြို့နယ်လျှပ်စစ်မှူးရုံးမှ ပြည်သူများ လျှပ်စစ်မီးသုံးစွဲမှုအဆင်ပြေစေရန်နှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန် လျှပ်စစ်ဓာတ်အားလိုင်းများ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို မတ် ၉ ရက်က ဆောင်ရွက်သည်။(ယာပုံ)

ကျေးသီးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးသိန်းဇော် ဦးဆောင်သည့် အဖွဲ့သည် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ၊ ကျေးသီးမြို့ဓာတ်အား ခွဲရုံတွင် လိုအပ်သော စစ်ဆေးပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်သည်။ ထို့နောက် ကျေးသီးမြို့ ၊ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးထားသည့် ၁၁ ကေဗွီ မြို့တွင်း ဖီဒါ (၁)နှင့် မြို့တွင်း ဖီဒါ(၂)တို့တစ်လျှောက် ဓာတ်အားလိုင်းနှင့် လွတ်ကင်းမှုမရှိသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် လိုအပ်သည့် စစ်ဆေးပြုပြင်မှုများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



နန်းဌေခမ်း

စာမျက်နှာ ၁၆ မှ

တိုင်းရင်းဆေးသမားတော်ကြီး ဦးကျော်ရန်

သမားတော်ကြီး ဦးကျော်ရန်ကို မြန်မာသမားတော် ရွှေတောင်ဆရာကြီး ဦမြတ်သာနှင့် ဒေါ်ကင်းတို့မှ ၁၈၆၃ ခုနှစ် သြဂုတ်လ ၃ ရက်နေ့တွင် သာယာဝတီခရိုင် ကြိုပင်ကောက်မြို့၌ မွေးဖွားသည်။ နေမျိုးကျန္နဘိသက္ကရာဇ်ဘွဲ့တံဆိပ်ရ သမားတော်ကြီး ဦးပေါထံတွင် အနှစ် ၂၀ တိုင်တိုင် ဆေးကျမ်းပေါင်းစုံ၊ စာအုပ်စာတမ်း၊ ပေ၊ ပုရပိုက်များကို လေ့လာသင်ယူခဲ့သည်။ မြန်မာနိုင်ငံဆေးပညာပြန့်ပွားရေးအတွက် ဆေးဆရာများကို စုစည်း၍ ဆေးဆရာအသင်းကို ဖွဲ့စည်းပြီး ဥက္ကဋ္ဌအဖြစ် ဦးဆောင်ခဲ့သည်။ ထို့ပြင် ပရဆေးဥယျာဉ်ကြီးတစ်ခုကို စိုက်ပျိုးထူထောင်ခဲ့သောကြောင့် တောင်ငွေ်ဆရာတော်ဘုရားက "သိရိဘိသက္ကဂဝိဇ" ဟူသောဘွဲ့နှင့် "ဘိသက္ကသိဒ္ဓိဇေယျကျော်ထင်" ဟူသောဘွဲ့ကို ချီးမြှင့်ခဲ့သည်။

တိုင်းရင်းဆေးသမားတော်ကြီး ပရမတ္ထအလင်းပြဆရာသင်

ပရမတ္ထအလင်းပြဆရာသင်ကို ၁၂၄၃ ခုနှစ် တပို့တွဲလပြည့်ကျော် ၈ ရက် (သောကြာနေ့)တွင် ပျဉ်းမနားမြို့ မင်္ဂလာရပ်၌ မွေးဖွားခဲ့သည်။ မန္တလေးမြို့ ဒဂ္ဂိဏာရာမ (ခေါ်) ဘုရားကြီးကျောင်းတိုက် ဆရာတော် ဦးအာစရ၊ ဆရာတော်ဦးရန်ကုန်၊ မင်းကွန်းတောရဓောဝဏ်ဆရာတော်၊ ပါဠိပဝိဋ္ဌကတ် ကျမ်း၊ ဝိဟာသနာ၊ သတိပဋ္ဌာန်နှင့် ကျင့်စဉ်ပညာရပ် ပရမတ္ထဆေးပညာအသင်းဥက္ကဋ္ဌ၊ ပျဉ်းမနားမြို့ ဆေးဆရာများအသင်းအဖွဲ့တွင် ဓာတ်၊ ဗိန္ဓောဆေးပညာနှင့် ဗေဒင်ပညာကို ခုနှစ်နှစ် သင်ကြားခဲ့သည်။ ၁၃၀၀ ပြည့်နှစ် လူ၊ ရဟန်းအပါအဝင် တပည့် ၆၀ ကျော်ဖြင့် တိုင်းရင်းဆေးပညာပြန့်ပွားရေးဖွဲ့စည်း၍ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ရန်ကုန်မြို့တွင် ပရမတ္ထဆေးပညာသင်တန်းကျောင်း ဖွင့်လှစ်သင်ကြားခဲ့သည်။

စစ်ပြီးခေတ်တွင် ဆေးကျောင်းနှင့် ဆေးရုံတွဲဖက်၍ အဖြတမိန်းအတွင်းလူနာ ၁၅ ဦးဖြင့် နာတာရှည်ရောဂါများကို ကုသပေးခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် မြန်မာ့သမားတော်အဖွဲ့ချုပ်တွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် နိုင်ငံတော်အစိုးရ၏ ရှေ့ပြေးတိုင်းရင်းဆေးဆရာအဖွဲ့ ဖွဲ့စည်းပြီး ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ အစိုးရ၏ အခွဲခေါ်ဆေးပေးခန်း ကိုးခု ဖွင့်လှစ်ပေးခဲ့သည်။ ပရမတ္ထအလင်းပြနှင့် ဗိန္ဓောအလင်းပြကျမ်း၊ ပရမတ္ထအလင်းပြ သံခိပ်ဋ္ဌီကာ၊ ဓာတုရသအလင်းပြကျမ်း၊ ဗေဒသိပ္ပံဆေးကျမ်းများပြုစုခဲ့သည်။

တိုင်းရင်းဆေးသမားတော်ကြီး သဘာဝဓမ္မဆရာတော်ဦးဇုန္ဒိယ

ဆရာတော်ဦးဇုန္ဒိယကို ၁၂၅၄ ခုနှစ်တွင် ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကြွယ်ကန်ညောင်တုန်းရွာတွင် ဖွားမြင်တော်မူသည်။ ဆရာတော်သည် ဆေးပညာကိုသာမက ပါဠိပဝိဋ္ဌကတ်စာပေတို့ကိုလည်း သင်ယူခဲ့သည်။ ဆရာတော်သည် ခြောက်လုံးကောက်ဆေးပညာကို အခြေခံကာ အနာရှစ်မျိုးခွဲခြားသော သဘာဝဓမ္မဆေးပညာကို တီထွင်ခဲ့သည်။ သဘာဝဓမ္မဆေးပညာသည် လူနာ၏ ရုပ်လက္ခဏာသဘောသဘာဝနှင့် အသီး၊ အမြစ်၊ အပွင့် စသော ဆေးဝစ္စည်းတို့၏ သဘာဝကို ကြည့်ရှုဆင်ခြင်ကုသသော ဆေးပညာဖြစ်သည်။

အပူနာ လေးမျိုး၊ အအေးနာ လေးမျိုး ကုထုံး၊ ကုနည်းများ သတ်မှတ်တီထွင်ခဲ့သည်။ ကျန်းမာရေးအတွက် ဆေးဝါးဓာတ်စာပေးခြင်း၊ ညွှန်ကြားခြင်း၊ လူနာ၏ ရုပ်လက္ခဏာမြင်ရရုံ၊ အသံကြားရုံဖြင့် မည်သည့်ရောဂါစွဲကပ်နေကြောင်း၊ ရောဂါစွဲကပ်နေသော အချိန်ကာလတို့ကို မမေးမြန်းဘဲ သိနိုင်စွမ်းသော ဆရာတော်ဖြစ်သည်။ ရန်ကုန်မြို့တွင် သဘာဝဓမ္မ ဆေးသင်တန်းနှင့် ဆေးကုဌာနတို့ကို ဖွင့်လှစ်ပြီး ကိုယ်တိုင်သင်ကြားကုသပေးခဲ့သည်။ မိမိဇာတိရွာ၌ ဆေးဥယျာဉ်တစ်ခု၊ သဘာဝဓမ္မဆေးခန်းနှင့် ဆေးရုံတို့ကို ဖွင့်လှစ်ခဲ့သည်။ သဘာဝဓမ္မဓာတုရသဂျွမ်းကို ရေးသားပြုစုခဲ့သည်။

တိုင်းရင်းဆေးသမားတော်ကြီး ကျောက်တံခါးတောရဆရာတော် ဦးနရိန္ဒ

ဆရာတော်ကြီး ဦးနရိန္ဒကို ၁၂၁၈ ခုနှစ် ဒီပဲယင်းမြို့နယ် ရွှေဘိစီရင်စု စိုင်းပြင်ရွာ၌ ဖွားမြင်တော်မူခဲ့သည်။ လယ်တီကျောင်းတိုက် လယ်တီဆရာတော်ကြီးထံတွင် ဓာတ်ကျမ်း၊ ဓာတုစိန္တာ ဓာတ်ကျမ်းတွင် ဝိဋ္ဌကတ်တော်လာရုပ်ဓာတ်များကို အခြေခံ၍ ကြံစည်ထားသည့် ဆေးပညာကို သင်ကြားခဲ့သည်။ သဘောတရားအရ တေဇော ဓာတ်၏သဘောကို အခြေခံထား၍ လုပ်ဆောင်ခဲ့သည်။ တေဇောဓာတ်ကိုပဓာနပြု၍ ရေးသားထားသော ကျန်းမာရေးအတွက် ဓာတ်သဘာဝများကို တွေးခေါ်ကြံစည်ထားသော ဓာတုစိန္တာဓာတ်ကျမ်းကို ရေးသားခဲ့သည်။

တိုင်းရင်းဆေးသမားတော်ကြီး ဆရာတော် အရှင်နာဂသိန်ဘိဝံသမဟာထေရ်

ဆရာတော် အရှင်နာဂသိန်ဘိဝံသမဟာထေရ်ကို ၁၂၈၀ ပြည့်နှစ် ဒုတိယဝါဆိုလပြည့်ကျော် ၅ ရက် (စနေနေ့) ည ၈ နာရီတွင် ကော့ကရိတ်ခရိုင် မိုင်လုံရွာ၌ ဖွားမြင်သည်။ ဆရာတော်သည် ပိဋ္ဌကတ်စာပေများကို ဆရာတော်ကြီးများထံမှ စနစ်တကျ သင်ယူတတ်မြောက်ခဲ့သည်။ ၁၉၀၃ ခုနှစ်တွင် ရန်ကုန် သိမ်ဖြူကျောင်းတိုက်သို့ ပြောင်းရွှေ့နေထိုင်ပြီး ဆေးပညာရပ်များကို လေ့လာသင်ယူခဲ့သည်။ ထို့နောက် အိန္ဒိယသို့သွားပြီး အာယုဗေဒဆေးပညာနှင့် ဟိန္ဒီဘာသာရပ်တို့ကို လေးနှစ်တိုင် လေ့လာဆည်းပူးခဲ့သည်။ ၁၃၁၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံမှ အာယုဗေဒဆေးကျမ်းပေါင်း ၁၇၉ ကျမ်းကို ယူဆောင်လာခဲ့ပြီး မြန်မာဘာသာသို့ ပြန်ဆိုခဲ့သည်။

ဆရာတော်ကြီးသည် ဘာသာပြန်ခြင်း လုပ်ငန်းများအပြင် စာသင်သားတို့ကို သက္ကတ ဘာသာသင်ကြားပေးခြင်း၊ တိုင်းရင်းဆေးရုံဖွင့်လှစ်ပြီး လက်တွေ့ဆေးဝါးကုသခြင်း၊ ဆေးသင်တန်းများ ဖွင့်လှစ်၍ ကိုယ်တိုင်သင်ကြားပို့ချခြင်း စသည့် လုပ်ငန်းများကိုပါ ဆောင်ရွက်ခဲ့သည်။ ဆေးပညာဥပဒေသကျမ်း (ပ-ဒု)၊ ဓာတ်သမုဒ္ဒရာကျမ်း၊ အကြောသွေးစမ်းကျမ်း၊ စရကာသံဟိတာ(ပ-ဒု)၊ ဘေသဇ္ဇမဉ္ဇူသာကျမ်း(ပ-ဒု)၊ သာရကောမုဒီကျမ်း၊ မာဓဝနိဘဲနိုးကျမ်း၊ ပုံပြဆေးအဘိဓာန်(ပ-ဒု-တ-စ) ကျမ်း၊ သားငါးကျေးငှက်ကျမ်း၊ အကြောပြင်အတတ် ပညာကျမ်းစသည့် ဆေးကျမ်းပေါင်းမြောက်မြားစွာကို ပြုစုရေးသားခဲ့သည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာ့ရိုးရာ အမွေအနှစ်တစ်ခုဖြစ်သကဲ့သို့ မြန်မာ့ယဉ်ကျေးမှုနှင့်အတူ ပူးတွဲရပ်တည်လာခဲ့သည့် ဆေးပညာရပ်တစ်ခုဖြစ်သည်။ ရှေးမြန်မာ့တိုင်းရင်းဆေးပညာရှင်ကြီးများက တိုင်းရင်းဆေးပညာဖြင့် စောင့်ရှောက်ခဲ့ကြသောကြောင့် ကျွန်ုပ်တို့၏ ဘိုးဘေးဘီဘင်များ ကျန်းမာအသက်ရှည်ခဲ့ကြသည်။

မျိုးဆက်သစ် လူငယ်တိုင်းရင်းဆေးပညာရှင်များအနေဖြင့် ရှေးသမားတော်များက ပေးအပ်ခဲ့သော တိုင်းရင်းဆေးပညာအမွေအနှစ်များကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ပြည်သူလူထုကျန်းမာရေးကို တိုင်းရင်းဆေးပညာဖြင့် ပိုမိုစောင့်ရှောက်ပေးခြင်းသည် ရှေးမြန်မာ့တိုင်းရင်းဆေးသမားတော်များ၏ ကျေးဇူးကို ဆပ်ရာရောက်ပါသည်။ ထို့ကြောင့် ရှေးမြန်မာ့တိုင်းရင်းဆေးပညာရှင်ကြီးများ၏ ကျေးဇူးတရားများကို အောက်မေ့သတိရသောအားဖြင့် မှတ်တမ်းတင် ဂုဏ်ပြုရေးသားအပ်ပါသည်။ ။

မွန်ပြည်နယ် မော်လမြိုင်ဈေးကြီး၌ မီးဖြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်

မော်လမြိုင် မတ် ၁၁

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ၂၀၂၅ ခုနှစ် ဈေးမီးဖြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို မတ် ၉ ရက်က မော်လမြိုင်မြို့ အောက်လမ်းမကြီး အမှတ်(၁) ဈေးကြီးအတွင်း၌ ကျင်းပသည်။(ယာပုံ)

အခမ်းအနားတွင် သရုပ်ပြအဖွဲ့က ဈေးမီးဖြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်နေမှုများကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ယခုကာလသည် ပူပြင်းခြောက်သွေ့သည့် ရာသီဥတုဖြစ်သည်နှင့်အညီ မီးဘေးအန္တရာယ် ဖိုးရိမ်ရသည့် ကာလဖြစ်သောကြောင့် နေရာတိုင်း၊ ဒေသတိုင်းတွင် မီးဘေးအန္တရာယ်အတွက် ဂရုစိုက်ရမည်ဖြစ်ပြီး မီးလောင်မှုမဖြစ်ပေါ်စေရန်အတွက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ မီးလောင်ပါကလည်း အချိန်မီငြိမ်းသတ်နိုင်ရေးအတွက် ပြင်ဆင်ထားရန် လိုအပ်ကြောင်း၊ မီးလောင်မှုများတွင် ဈေးများမီးလောင်မှုသည် ဆုံးရှုံးမှုတန်ဖိုးများပြားကြောင်း၊ ဈေးများ၌ မီးဘေးလုံခြုံရေးကို အထူးဂရုစိုက် ဆောင်ရွက်ကြရန်နှင့် အမှတ်(၁) ဈေးကြီး သရုပ်ပြလေ့ကျင့်ခန်းတွင် ပါဝင်ဆောင်ရွက်ကြသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်းနှင့် ယခုလို သရုပ်ပြလေ့ကျင့်ခန်းမှတစ်ဆင့် အမှန်တကယ်ဖြစ်စဉ်များ၌ ထိခိုက်ဆုံးရှုံးမှုများ နည်းနိုင်သမျှ နည်းနိုင်အောင် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းနှုတ်ခွန်းမှာကြားသည်။



ဆက်လက်၍ ဈေးမီးဖြိမ်းသတ်ရေး သရုပ်ပြအဖွဲ့ဝင်များအား ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**

ငပုတောမြို့နယ်အတွင်း အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသ

ငပုတော မတ် ၁၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ အဖွဲ့သည် မတ် ၈ ရက်က ငပုတောမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ အစည်းအဝေးခန်းမတွင် ဒေသခံပြည်သူများကို ဆေးကုသမှုများ ဆောင်ရွက်ပေးသည်။(ယာပုံ)



အဆိုပါဆေးကုသမှုအစီအစဉ်တွင် ပုသိမ်မြို့ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ဝင်းနှင့် ကလေးအထူးကု၊ ခွဲစိတ်အထူးကု၊ သားဖွားမီးယပ်အထူးကု၊ အရိုးနှင့် ထိခိုက်ဒဏ်ရာအထူးကု၊ မျက်စိအထူးကု၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု၊ ဓာတ်မှန်ဆိုင်ရာ အထူးကု၊ အရေပြားရောဂါ အထူးကု၊ စိတ်ကျန်းမာ အထူးကုဆရာဝန်ကြီးများက မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား အခမဲ့ဆေးကုသမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ ယင်းသို့ ဆောင်ရွက်နေမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကုသရေးဦးစီးမှူး ဒေါက်တာ သန့်ဇော်မြင့်နှင့် လူမှုအဖွဲ့အစည်းများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များက ပံ့ပိုးကူညီပေးကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



ဓနုဖြူမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

ဓနုဖြူ မတ် ၁၁

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လေ့ကျင့်သရုပ်ပြခြင်းများကို မတ် ၁၀ ရက်က စက္ကေ့-ဓနုဖြူ-ဇလွန်အဝေးပြေးကားလမ်းဘေးရှိ မဓလာစက်သုံးဆီအရောင်းဆိုင်၌ ဆောင်ရွက်သည်။(**အပေါ်ပုံ**)

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးနောင်နောင်က မြို့နယ်အတွင်းရှိ စက်သုံးဆီဆိုင်များ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး နှင့်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူး အသုံးပြုပုံကို ရှင်းလင်းပြောကြားပြီး မီးငြိမ်းသတ်မှုများကို လက်တွေ့လေ့ကျင့်ခဲ့သည်။ **အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

မင်းဘူးခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ)သင်တန်းဆင်း

မင်းဘူး မတ် ၁၁

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်နှင့် မြို့နယ်များတွင် သဘာဝဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့လာပါက အရေးပေါ် ရှာဖွေ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်သည့် မင်းဘူးခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ) သင်တန်းဆင်းပွဲကို မတ် ၁၀ ရက်က ခရိုင်မီးသတ်ဦးစီးဌာနရုံး၌ ကျင်းပသည်။ (ယာပုံ)

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးလွင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး ခရိုင်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းက သင်တန်းဆင်း လက်မှတ်များ ပေးအပ်ကာ တာဝန်ရှိသူများက အရေးပေါ် ရှာဖွေကယ်ဆယ်ရေး သုံး ပစ္စည်းကိရိယာ၊ မော်တော်ယာဉ်၊ စက်ယန္တရားကြီးများနှင့် မြို့ရေးရိယာကို စောင့်ကြည့်လွှမ်းခြုံနိုင်သော မီးဘေးလုံခြုံရေး စောင့်ကြည့်ကွပ်ကဲရေးစင်တာကို ကြည့်ရှုလေ့လာခဲ့သည်။

အဆိုပါ သင်တန်းတွင် ခရိုင်နှင့် မြို့နယ်အတွင်းရှိ မီးသတ်ဦးစီးဌာနရုံးများမှ တပ်ဖွဲ့ဝင် သင်တန်းသား ၃၅ ဦး တက်ရောက်ခဲ့ကြောင်း၊ သင်တန်းတွင်မီးသတ်တပ်ဖွဲ့ဥပဒေ၊ နည်းဥပဒေများ ရှာဖွေကယ်ဆယ်ရေး နည်းလမ်းများနှင့် ခေတ်မီအရေးပေါ် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းကိရိယာများ ကိုင်တွယ်အသုံးပြုပုံ စသည့် ဘာသာရပ်များကို ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၁၀ ရက်အထိ ၁၂ ရက်ကြာ ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

မောင်မောင် (မင်းဘူး)



နေရပ်ပြန်ရန် ခက်ခဲသည့် ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ် ပေးအပ်

သထုံ မတ် ၁၁

စိုက်ပျိုးရေးနှင့် မွေးမြူရေးသီပွဲ(သထုံ)တွင် ပညာသင်ကြားနေကြပြီး အကြောင်းအမျိုးမျိုးကြောင့် မိမိတို့နေရပ်သို့ပြန်ရန် ခက်ခဲနေကြသည့် ကျောင်းသား ကျောင်းသူများအား သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများစုပေါင်း၍ ပညာသင်စရိတ် ပေးအပ်ပွဲအခမ်းအနားကို မတ်လပထမပတ်က မြေနီကုန်းကျေးရွာရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးသီပွဲကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်က အမှာစကားပြောကြားသည်။ ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁)ဒုတိယဗိုလ်မှူးကြီး သန့်ဇင်ထွန်းက နေရပ်ပြန်ရန်ခက်ခဲသည့် ကျောင်းသား ကျောင်းသူ ၁၀ ဦးတို့အတွက် စုစုပေါင်း ငွေကျပ် ၁၂၈၅၀၀၀ ကျပ်အား ယွဲ့ပြောင်းပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုမိုထွေးနှင့် ကျောင်းသား ကျောင်းသူများက လက်ခံယူသည်။ **ခရိုင်(ပြန်/ဆက်)**



ပုသိမ်မြို့၌ အိမ်တွင်းလျှပ်စစ်သွယ်တန်း တပ်ဆင်ခြင်း သင်တန်းဖွင့်လှစ်



ပုသိမ် မတ် ၁၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ အိမ်တွင်းလျှပ်စစ်သွယ်တန်း တပ်ဆင်ခြင်း သင်တန်းဖွင့်ပွဲကို မတ် ၁၀ ရက်က အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ပုသိမ်)၌ ပြုလုပ်သည်။

အခမ်းအနားတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဦးစီးမှူးက နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသားလူငယ်များအတွက် အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ စက်မှု/လက်မှုပညာရပ်များကို လေ့ကျင့်သင်ကြားပြီး မိမိဘဝတိုးတက်အောင် ဆောင်ရွက်နိုင်သူများ ဖြစ်ကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ပုသိမ်)မှ ကျောင်းအုပ်ကြီးက သင်တန်း နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ သင်တန်းကို မတ် ၁၀ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသား ၂၀ တက်ရောက်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

ရန်ကုန် မတ် ၁၁

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြု ကြိုဆိုသောအားဖြင့် မန္တလေးမြို့ မြန်မာသံတော်ဆင့် သတင်းဂျာနယ်၊ ဓမ္မသံတော်ဆင့် စာပေမိသားစုနှင့် မန္တလေးစာနယ်ဇင်းအရောင်းဆိုင်မှ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်းပွဲကို မတ် ၁၀ ရက် နံနက်က မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဆွမ်းစားကျောင်းဓမ္မာရုံကြီး၌ ကျင်းပသည်။



ဦးစွာ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)ဗဟို ဒုတိယဥက္ကဋ္ဌ ဦးသန်းဝင်း (အဂ္ဂမဟာမင်္ဂလာဓမ္မဇောတိကာဓဇ)၊ မန္တလေးတိုင်းဒေသကြီး YMBA အမှုဆောင်များ၊ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌ ဦးထွန်းလှိုင်နှင့် မမ္ဓသံတော်ဆင့် စာပေထုတ်ဝေသူ မြန်မာသံတော်ဆင့်ဂျာနယ် အယ်ဒီတာချုပ် ဦးကျော်စွာဝင်းတို့က သတင်းစာ၊ ဂျာနယ်ပေါင်းချုပ်များ၊ ရည်ညွှန်းစာအုပ်များ၊ YMBA အသင်းမှ ထုတ်ဝေသည့် (၃၈) ဖြာမင်္ဂလာနှင့် မဟာဗုဒ္ဓဝင်စာအုပ်များကို ပေးအပ်လှူဒါန်းကြရာ မန္တလေးတပ်နယ်မှ တာဝန်ရှိသူများ တက်ရောက်လက်ခံယူကြသည်။

ဆက်လက်၍ မြန်မာသံတော်ဆင့်သတင်းဌာန၊ ဓမ္မသံတော်ဆင့် စာပေ (၁၃)နှစ်ပြည့် အထိမ်းအမှတ် မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း၊ တိုင်းဒေသကြီး သံဃနာယက အဖွဲ့ ဩဝါဒါစရိယ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်း၏ နာယက မဗိုးရိမ်တိုက် ပါဠိနယူပဒေသ ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိစိတ္တာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော် အပေါင်း ၇၀ ကျော်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

မြန်မာ့အလင်း



ရန်ကုန်တိုင်းဒေသကြီးဘောလုံးအဖွဲ့ချုပ် ဖူဆယ်ဆပ်ကော်မတီမှ ဒေါ်ရတနာစုဇင်လင်း ပညာသင်ဆုရရှိ

ရန်ကုန် မတ် ၁၁

International Carrier Institute က ပေးအပ်ချီးမြှင့်သည့် ၂၀၂၅ ခုနှစ် အတွက် Sports Management Diploma Scholarship ထူးချွန်ဆုချီးမြှင့်ခြင်းကို မတ် ၈ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။

အဆိုပါ Scholarship ထူးချွန်ဆုရရှိသော ရန်ကုန်တိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ် ဖူဆယ်ဆပ်ကော်မတီမှ ဒေါ်ရတနာစုဇင်လင်းအား ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းသည် နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များက သင်ကြားပို့ချပေးသည့် ပရော်ဖက်ရှင်နယ် အားကစားစီမံခန့်ခွဲမှု အတတ်ပညာဖြစ်ပြီး အားကစားနှင့်သက်ဆိုင်သည့် ဘာသာရပ် ၁၃ ခုကို သင်ကြားပို့ချပေးနေခြင်းဖြစ်သည်။ ယခု Scholarship ထူးချွန်ဆု ရရှိခဲ့ခြင်းသည် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်များတွင် ရန်ကုန်တိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်မှ ပထမဆုံးရရှိခဲ့ခြင်း ဖြစ်သည်။

အာကာစိုး

ဝမ်းတွင်းမြို့နယ်မီးသတ်ဦးစီးဌာနက တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် စာစစ်ဌာနများအနီးပတ်ဝန်းကျင်၌ မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်

ဝမ်းတွင်း မတ် ၁၁

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် မီးသတ်ဦးစီးဌာနက တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းစွာ ဖြေဆိုနိုင်ရန် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် စာစစ်ဌာနများအနီးဝန်းကျင်၌ မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေး မီးဘေးလုံခြုံရေးအတွက် ပတ်ဝန်းကျင်ရှိနေအိမ်များအား မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ယနေ့နံနက်က ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးထွန်းနှင့် သန္ဓေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးဖိုမီးကို သတ်မှတ်ချိန်များအတွင်း၌သာ စနစ်တကျ အသုံးပြုကြရန်၊ ဟောင်းနွမ်းဆွေးမြည့်နေသော လျှပ်စစ်ပိုင်ယာကြိုးများကို အသုံးမပြုကြရန်၊ နေအိမ်များတွင် မီးလောင်လွယ်သောလောင်စာများ မထားရှိကြရန်နှင့် မီးချိတ်မီးကပ်၊ သဲ၊ ရေ၊ လှေကားများနှင့် မီးသတ်ဆေးဘူးများ ပြည့်စုံစွာထားရှိကြရန် စစ်ဆေးအကြံပြုခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။



မောင်ကျော်ကြီး

ဟိုပုံးမြို့နယ်၌ ရေသွင်းစိုက်ပျိုးထားသည့် ဘိန်းစိုက်ခင်းများ ဖျက်ဆီး

ဟိုပုံး မတ် ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် စံဖူးကျေးရွာအုပ်စု တလျနိုးကျေးရွာနှင့် ကျောက္ကျချားကျေးရွာရှိ ရေသွင်းစိုက်ပျိုးထားသည့် ဘိန်းစိုက်ခင်းများကို မတ် ၁၀ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက သွားရောက်ဖျက်ဆီးခဲ့ကြောင်း သိရသည်။



ထိုသို့ဖျက်ဆီးရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ငွေးအောင်နှင့် တပ်ဖွဲ့ဝင်များ၊ ဟိုပုံးတပ်နယ်မှ ဗိုလ်ကြီး နိုင်ကိုလင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့် တာဝန်ရှိသူများက စံဖူးကျေးရွာအုပ်စု တလျနိုးကျေးရွာ၏ အနောက်မြောက်ဘက် သုံးဖာလုံခန့်အကွာ အမြင့်သုံးပေခန့်ရှိ ဖူးပွင့်ဆဲရေသွင်း ဘိန်းစိုက်ခင်း လေးဧကကိုလည်းကောင်း၊ စံဖူးကျေးရွာအုပ်စု ကျောက္ကချားကျေးရွာ၏ တောင်ဘက် ခြောက်ဖာလုံခန့်အကွာ အမြင့်သုံးပေခန့်ရှိ ဖူးပွင့်ဆဲရေသွင်း ဘိန်းစိုက်ခင်း လေးဧကကိုလည်းကောင်း စုစုပေါင်း ရေသွင်းဘိန်းစိုက်ခင်း ရှစ်ဧကကို ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဟိုပုံးမြို့နယ်တွင် ရေသွင်းဘိန်းစိုက်ခင်းများကို မတ် ၃ ရက်မှ စတင်၍ ဖျက်ဆီးလျက်ရှိရာ မတ် ၁၀ ရက်အထိ ရေသွင်းစိုက်ပျိုးထားသည့် ဘိန်းစိုက်ခင်းဧက စုစုပေါင်း ၄၈ ဧက ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

နောင်ချို၊ မိုးမိတ်နှင့် မိုးကုတ်တို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုကြောင့် ပြည်သူ ၁၇ ဦး သေဆုံးပြီး ၄၁ ဦး ဒဏ်ရာရခဲ့ကြောင်း သတင်းအမှားများဖြန့်ဝေလျက်ရှိ



နေပြည်တော် မတ် ၁၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၊ မိုးမိတ်မြို့နှင့် မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်တို့တွင် မတ် ၅ ရက်မှ ၇ ရက်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုများကြောင့် ပြည်သူ ၁၇ ဦး သေဆုံးပြီး ၄၁ ဦး ဒဏ်ရာရရှိခဲ့ကာ အဆောက်အအုံ ၈၅ လုံးပျက်စီးခဲ့ကြောင်းပြည်ထဲဖျက်မီဒီယာများက ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ နယ်မြေခံတာဝန်ရှိသူများ၏ ဖြေကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်အနေဖြင့် အဆိုပါနယ်မြေများအတွင်း ခိုအောင်းလှုပ်ရှားလျက်ရှိသည့် အကြမ်းဖက်သမားများ၏ သတင်းများကို တာဝန်သိပြည်သူများ၏ အတိအကျ သတင်းပေးမှုများအရ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို သာ လုပ်ဆောင်လျက်ရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့အား မထောက်ခံသော ရဟန်းရှင်လူ ပြည်သူများအား လက်နက်အားကိုးဖြင့်အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်ခြင်း၊ ကျေးရွာများအားမီးရှို့ခြင်း၊ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ရမ်းသန်း ပစ်ခတ်ခြင်းများကို အဆိုပါ နယ်မြေတွင် လုပ်ဆောင်လျက်ရှိကြောင်း သိရှိရသည်။

ထိုသို့အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် မြို့ရွာများတွင် လုံခြုံရေးတပ်ဖွဲ့များက မီးရှို့ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းကြောင့် ပြည်သူများ ထိခိုက်သေဆုံးရသည်ဟု တစ်ဖက်သတ်စွပ်စွဲရေးသားထားသည့် သတင်းတု သတင်းမှားများကိုသာ ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်နှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၁၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မတ် ၈ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် ဘားအံစက်မှုဇုန်အနီး၌ မော်တော်ယာဉ်ငါးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းခုနစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၉၇၈၉၇၄) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး၊ Golden Lion Truck တစ်စီး၊ Dong Feng Tractor Head တစ်စီး၊ Nissan Diesel Tractor Head တစ်စီး၊ Cheng-long Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် သုံးတွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၉၇၈၉၇၄ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျုံမင်းမြို့အဝင် စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Wave-100 မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၈ ရက်တွင် အင်းတကော်မြို့နယ် KBZ ဘဏ်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၇၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မတ် ၁၀ ရက်တွင် သီလဝါဆိပ်ကမ်းရှိ ကုန်သေတ္တာ လေးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၉၆၅၃၅၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၄၆၅၃၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မတ် ၁၀ ရက်တွင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၇၄၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

ထို့အပြင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မချမ်းဘော့မြို့နယ် နမ့်ခမ်းကျေးရွာအနီး၌ တရားမဝင် ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ပလတ်စတစ်ပီပါခွံ ၁၁ လုံး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေဘိုမြို့ ဓနတ(၈) ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Mitsubishi Outlander မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မန္တလေးမြို့ဟောင်း ဘူတာအထွက် (၇၈)လမ်းအနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ခုနစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၈၆၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Dyna Truck တစ်စီးနှင့် Isuzu Light Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ပလိပ်မြို့ Denko ဆီဆိုင်အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၁၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Giga Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ရတနာပုံတံတား(မန္တလေး)စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် လေးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း ၄၇ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၁၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၄၁၀၆၆၅)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Light Truck နှစ်စီး၊ Nissan Station Wagon တစ်စီးနှင့် Isuzu Van တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၀၀၀၀၀၀) ကိုလည်းကောင်း၊ ကျောက်ဆည်မြို့ မြို့ရှောင်လမ်း၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၅၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၉၆၆၉၈၆၆ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့ မြေနီကုန်းကားကြီးဝင်းရှိ ရတနာကားဂိတ်ရှေ့၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ မတ် ၁၁ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့နယ် ခိုကျွန်းအနီး၌ တရားမဝင် ငါးဖမ်းရာတွင် အသုံးပြုသည့် သစ်သားကိုယ်ထည်လေ့တစ်စင်းနှင့် ဆက်စပ်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၅၀၀၀၀၀)ကို မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေအရလည်းကောင်း၊ ကော့သောင်းမြို့ ရွှေငယ်ဝေါရပ်ကွက် တံတားဂိုပွဲချိပ်ဆိပ်၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၄၇၄၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၉၇၄၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် ကျန်စစ်သားလမ်း အမှတ်(၈၅)ရပ်ကွက်၌ တရားဝင်သယ်ဆောင်ခွင့် အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် မဲထုန်အမျိုးအစား နွားသိုးနှစ်ကောင် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် မတ် ၈ ရက်၊ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၇ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၄၈၇၅၅၁၆ ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်စျေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံး နစ်နာမှုများ ဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမိုရှိ၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

ကျိုင်းတုံမြို့နှင့် တာချီလိတ်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၁၁

ကျိုင်းတုံမြို့နှင့် တာချီလိတ်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၀ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ကျိုင်းတုံမြို့နယ် ယန်းလော ကျေးရွာအုပ်စု ကျိုင်းဖောင်းကျေးရွာ အနီးတွင် ကျားယော် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ပြောင်းဆေးဝါး ကက်တမင်း ၀ ဒသမ ၃ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ညနေ ၄ နာရီခွဲတွင် တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု ပါဝုန်းကျေးရွာရှိ ၎င်းငှားရမ်းနေထိုင်သည့်နေအိမ်မှ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကက်တမင်း ၀ ဒသမ ၉၅ ကီလိုနှင့် Happy Water ၀ ဒသမ ၁၆၂ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ကက်တမင်း ၁ ဒသမ ၂၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ် ၁၀၀ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၂၅ သိန်း)၊ Happy Water ၀ ဒသမ ၁၆၂ ကီလို(တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၁၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် ၁၇၈ ဒသမ ၂ သိန်း) သိမ်းဆည်းရမိခဲ့ကြောင်း၊ အလားတူ ပူးပေါင်းအဖွဲ့သည် မတ် ၁၀ ရက် နံနက် ၁၀ နာရီတွင် တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု ဟာကြား မနီးကျေးရွာအနီးတွင် ချီးအေး မောင်းနှင်ပြီး အားညွှန့် လိုက်ပါလာသည့် TOYOTA HILUX VIGO အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၄၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၂၀၀၀) သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ကျားယော် အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။



စဉ့်ကိုင်မြို့နယ် ရန်အောင်မြင်ရပ်ကွက် မြို့နယ်အားကစားကွင်း၌ မတ် ၁၁ ရက်က မြို့နယ်မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များက ဂက်စ်မီးလောင်မှုနှင့် လောင်စာဆီကန်များ မီးလောင်မှုကို မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်သရုပ်ပြသခြင်း ဆောင်ရွက်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စက်ရုံအလုပ်ရုံ၊ ဆီဆိုင်နှင့် စားသောက်ဆိုင်တို့မှ လုပ်ငန်းရှင်များနှင့် ရပ်မိရပ်ဖများက ပူးပေါင်းဆောင်ရွက်စဉ်။

ကျော

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

ရွှေတိဂုံစေတီတော်မြတ်ကြီး လုံးတော်ပြည်၌ ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ပွဲ



ကူသို့လှေပြုန်ငြိရေး နှိုးဆော်ဟွာ

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၂၀၂၄ ခုနှစ် စက်တင်ဘာလမှစ၍ လုံးတော်ပြည်၌ ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၅ ခုနှစ် မေလခန့်တွင် ဗုဒ္ဓါဘိသေကအနေကဏ္ဍတင်မင်္ဂလာအခမ်းအနား ဆောင်ရွက်မည် ဖြစ်ပါသည်။ သဒ္ဓါကြည်လင်ပါရမီရှင်များမှ ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ပါရန်နှင့် ရွှေစင်ရွှေပြား (၁၀)လက်မပတ်လည် ရွှေ(၁)ကျပ်သား တစ်ချပ်လျှင် ကျပ်(၂၅)သိန်းဖြင့်လည်းကောင်း၊ ရွှေစင် ရွှေပြား(၁)ပေပတ်လည် ရွှေ(၆)ကျပ်သား တစ်ချပ်လျှင် ကျပ်(၁၅၀)သိန်းဖြင့်လည်းကောင်း လှူဒါန်းနိုင်ပါကြောင်း၊ ၂၀၂၅ ခုနှစ် မတ်လကုန်အတွင်း လှူဒါန်းသော ရွှေစင်ရွှေပြားများအား ယခု ဆောင်ရွက်နေသည့် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း အစီအစဉ်တွင် ထည့်သွင်းလှူဒါန်းမည် ဖြစ်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့

ဖုန်း - ၀၁၈-၃၇၅၇၆၇၊ ၀၁၈-၃၈၃၅၁၂၊ ၀၁၈-၃၈၃၅၀၂

ညအိပ်ထွက်ရန် အဆင်မပြေသူများ၊
အလိုရှိပြည့်အား မယုတ်နိုင်သူများ၊ နည်းစနစ်အခြေခံကောင်း
မရသေးသူများ၊ အိမ်မှာ ပုံမှန်အားထုတ်ရာ၌ နည်းစနစ်အခြေခံ
ရလိုသူများအတွက် အထူးရည်ရွယ်ဖွင့်လှစ်သော
လယ်တီပူအနာဂါဝိဇ္ဇာသာဂါကြီး ပိပယဿနာအပွဲ့ချုပ်
ယဟာသဒွယ်ကတီကလေ အရာကြီးဦးသန်းတပည့်ကမ္ဘဏ္ဍာနာဝရိယများပြသပေးသော
လယ်တီ–၄၄(၁၀)ရက်၊ အချိန်ပိုင်းတရားစခန်း
ရွှေတိဂုံဘုရား ခြေတော်ဘက်မှခိုး၊ ပုဇ္ဈကူခွေခွန်မှာ လေဆွဲ အင်္ဂလိပ်(၁၆)ရက်မှ (၂၄)ရက်ထိ
ပေးကမည် (၁၂-၃၀) မှ (၄-၁၀) နာရီအတွင်း ဟောပေးမှာဖြစ်ကြောင်း အသိပေးအပ်ပါသည်။
ဆက်သွယ်ရန် - ဆရာဦးစိုးနိုင်(လယ်တီကမ္ဘဏ္ဍာနာစရိယ) ၀၉ - ၂၅၃၁၃၃၃၃

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ ကစလ(၃)ရှိ ၁/၄၀စီချည်(ကုံး)များအား တင်ဒါအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
(က) အမှတ်(၅)အထည်စက်ရုံ(ပခုက္ကူ) - ၁/၄စီချည်(ကုံး) ၁၀၀၀၀၀၀၀ပေါင်
တင်ဒါပုံစံရောင်းချမည့်ရက် - ၁၂-၃-၂၀၂၅ ရက်(အင်္ဂါနေ့)
တင်ဒါပိတ်ရက် - ၂၅-၃-၂၀၂၅ရက် (ဗုဒ္ဓဟူးနေ့)
၂။ စုံစမ်းရန် - ရောင်းချဖြန့်ဖြူးရေးဌာန၊ ကစလ(၃)
ဖုန်း-၀၆၇-၄၀၈၁၅၅၊ ၀၆၇-၄၀၈၂၀၃၊ ၀၆၇-၄၀၈၃၆၂

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ဝေပုလ္လ(၄)လမ်း၊ မြေကွက်အမှတ်(၁၆၉-၁/၂)ရှိ ဒေါ်ကြင်ရီ (၁၂/ဥကမ(နိုင်) ၁၀၁၅၅၀) အမည်ပေါက် ဂရန်(မူရင်း) စရိုယာအကျယ်အဝန်း (၂၀၀ x ၆၀၀) ရေမိုးစုံ၊ အိမ်ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဂျိုးခံစားနှင့် အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ယုလွင်အေး (၁၂/မရက(နိုင်) ၀၀၀၀၄၂)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ခင်ဝင်းမြင့် (၁၁/ကတန(နိုင်) ၀၈၈၀၉၂)မှ အပြီးအပိုင်ဝယ်ယူ ရန်အတွက် စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဆန်းဝင်းမြင့်၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြတ်မွန်နိုင်(LL.B)	ဒေါ်စုရည်လှိုင်(LL.B)	ဒေါ်သင်းလွဲလှိုင်(LL.B)
အထက်တန်းရှေ့နေ	တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ
(စဉ်-၅၆၇၄၅)	(စဉ်-၁၈၇၄၅)	(စဉ်-၅၆၇၄၄)

အမှတ်(၆၁၀)၊ ဗိုလ်ဆွန်ဝင်းလမ်း၊ ၃၉(A)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့ နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၄၂၂၄၄၉၄၂၂၊ ၀၉-၆၉၃၅၆၃၀၅၅

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃၀/ဘီ)၊ ကုန်းတလပေါင်းစဉ်ပြကျေးရွာ၊ ရွှေစေတီလမ်း၊ မြေကွက်အမှတ်(၇၉)၊ ဦးကျော်သိန်း အမည်ပေါက် စရိုယာအကျယ်အဝန်း (၈.၆၅)ကော၊ (၃၄၅၆၀၀) စတုရန်းပေရှိ မြေကောက်ဒုအဆက်စပ်စာချုပ်များဖြင့် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးထွန်းထွန်းနိုင် (၁၁/မဥန(နိုင်)၀၄၂၉၅)မှ ခွဲစိတ်၍ အကွက်ရိုက်ဖော်ဆောင်ထားသော မြေပြင်သတ်မှတ်ချက်အရ အကွက်အမှတ် (၁၅၂)၊ စရိုယာအကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ) ရှိ ခြံဒြမြောက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဝေယံဦး (၉/ငဇန(နိုင်)၁၄၄၄၆၃)နှင့် ဒေါ်မွန်မြတ်သူ (၉/ငဇန(နိုင်)၁၈၄၂၂၂)တို့မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေများကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးဝေယံဦးနှင့် ခေါ်မွန်မြတ်သူ တို့၏လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်မြတ်မွန်နိုင်(LL.B)	ဒေါ်စုရည်လှိုင်(LL.B)	ဒေါ်သင်းလွဲလှိုင်(LL.B)
အထက်တန်းရှေ့နေ	တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ
(စဉ်-၅၆၇၄၅)	(စဉ်-၁၈၇၄၅)	(စဉ်-၅၆၇၄၄)

အမှတ်(၆၁၀)၊ ဗိုလ်ဆွန်ဝင်းလမ်း၊ ၃၉(A)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)
မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၉-၄၂၂၄၄၉၄၂၂၊ ၀၉-၆၉၃၅၆၃၀၅၅

မွေးသက္ကရာဇ်အမှန်

ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသော၊ ရွာငြိမ့်နယ်၊ နွားဘန်းကြီးကျေးရွာနေ ဦးကံဦး၏သမီး ဒေါ်မိုးမိုး၏ မွေးသက္ကရာဇ်အမှန်မှာ (၂၅-၇-၁၉၇၁) ဖြစ်ပါကြောင်း။

ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့၊ ကွန်လုံအုပ်စု၊ သရက်ပင်ရွာနေ ဦးကာလူး၏သမီး မကွန်တီးဒေဝီ ၁၃/တကန(ပြု)၀၀၀၅၀၈ ၏ နိုင်ငံကူးလက်မှတ် အမှတ်(MI-7982360)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၃၅၅၆၄၄

သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး

အနာဂတ်ကမ္ဘာ သာယာဖို့ အိုဇုန်းလွှာကို ကာကွယ်စို့



ချောင်းသာမြို့ သန့်ရှင်းသာယာလှပရေး စုပေါင်းဆောင်ရွက်

ချောင်းသာ မတ် ၁၁

ပုသိမ်ခရိုင် ချောင်းသာမြို့ သန့်ရှင်းသာယာလှပရေးအတွက် ယနေ့ နံနက်ပိုင်းတွင် ပူးပေါင်းအဖွဲ့များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

မြို့စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးဦး ဦးဆောင်မှုဖြင့် မြို့အဆင့် ဌာနဆိုင်ရာများ၊ မြို့စည်ပင်သာယာရေး ဝန်ထမ်းများ၊ ဟိုတယ်စုန်နှင့် ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ချောင်းသာမြို့တွင်း လမ်းမကြီးမှ ကမ်းခြေသို့ဆင်းသည့် လမ်းများရှိ အမှိုက်များ၊ ချုံးလွှမ်းများနှင့် စည်းကမ်းမဲ့ စွန့်ပစ်အမှိုက်များကို ရှင်းလင်း၍ အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ စွန့်ပစ်ဆောင်ရွက်ခဲ့သည်။

ချောင်းသာ(ပြန်/ဆက်)

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

တောင်ငူမြို့နယ်၊ ကေတုမတီမြို့၊ သဝန်းငယ်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်- ၄/ အားကစားကွင်းတောင်၊ ဦးပိုင်အမှတ်(၃၂၃)၊ စရိုယာ(၀.၁၄၄)ကေအား ခေါင်မော သန်းမှ မြောင်းဂရန်လာရောက် လျှောက်ထားလာပါသောကြောင့် ကန့်ကွက်လိုသူများအနေဖြင့် ခိုင်မာသည့် အထောက်အထားများ တင်ပြပြီး ယနေ့မှစ၍(၁၅)ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ခေါင်မောသန်းအား မြောင်းဂရန်အသစ် ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန

အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ အထက(ခွဲ) ညောင်ပင်ကြီးကွင်း (G-3)မှ မဖြူးခက်ပိုး၏ အမည်မှန်မှာ မဖြူးခြူးစံ ဖြစ်ပါကြောင်း။

မခြူးခြူးစံ

ဖခင်အမည်မှန်

ဆီဆိုင်မြို့နယ်၊ အထက၊ ပန်အွန်းကျောင်း Grade-7မှ ခွန်လှကျော် ၏ဖခင်အမည်မှန်မှာ ဦးရှင်တဗန် ၁၃/ဆဆန(နိုင်) ၀၀၉၃၂၂ဖြစ်ပါကြောင်း။

ဦးရှင်တဗန်

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒကို့ဏာသီရိမြို့၊ ရွှေဆင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေဆင်ကြင်းအနောက်ရပ်)၊ မြေ ကွက်အမှတ် (၃-၃၂၈၇၀)၊ မြေဧရိယာ (၀.၁၄၆) ကေရှိ ဦးအောင်ကျော်လွင် (၁၂)ဦးသိန်းအောင် ၁၂/ကတတ(နိုင်)၀၀၀၁၅၅ အမည်ပေါက် နှစ်(၃၀)မြောင်းစာချုပ် မြေကွက်ကို ဦးအောင်ကျော်လွင်မှ ဦးနိုင်နိုင်လင်း (၁၂)ဦးပေါလွန်း(ခ)အောင်လင်း ၉/ခအစ(နိုင်)၀၃၇၂၆၄၄ အရောင်း အဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေဈေးငှါး ရေးကူးခွင့်လျှောက် ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားရှိပါက ဌာနဆိုလုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ၊ မြေဈေးငှါးလျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဓမ္မာသီရိမြို့၊ အောင်ဓမ္မာရုပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ညောင်ပင်ပိုင်း၊ မြေကွက်အမှတ်(၁၂၇) စရိုယာ ၀.၀၈၂ကေရှိ ဦးအေမောင် (၁၁)ဦးစံမောင် ၉/ပန(နိုင်)၁၆၆၉၈ အမည်ပေါက် ပါမစ်မြေကွက်အား အမည်ပေါက်သူနှင့် ဇနီးဖြစ်သူတို့ ကွယ်လွန်သွားခဲ့ပြီးဖြစ်သဖြင့် သားဖြစ်သူ ဦးညွှန့် ၉/ပမန(နိုင်)၀၆၃၀၆၂ နှင့် ဦးခင်မောင်လွင် ၉/ပမန(နိုင်)၁၆၀၁၇၀၇၆ မြေပေးမိန့်၊ ဝန်ခံကတိပြုချက်၊ တရားရုံးကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၉၈၆/၂၀၂၄) သေစာရင်းရပ်ကွက်နှင့်ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေဌားစာချုပ်လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားရှိပိုင်ဆိုင်ပြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေဌားစာချုပ်သစ် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

ဖြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊နေပြည်တော်စည်ပင်သာယာရေးကော်မတီ

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး ကွင်းဆင်းစစ်ဆေး

ငပုတော မတ် ၁၁

ငပုတောမြို့နယ် မီးသတ်ဦးစီးဌာနမှ တက္ကသိုလ်ဝင်ဖြေဆိုမည့် စာစစ်ဌာနများအား မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်နိုင်ရေး ယနေ့မွန်းလွဲပိုင်းက မြို့နယ် မီးသတ်ဦးစီးဌာန ဒုတိယ မီးသတ်ဦးစီးမှူး ဦးပိုင်စိုး၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
ပဲခူးမြို့နယ်တရားရုံးတော်
၂၀၂၅ ခုနှစ်၊ တရားမကြီးမူအမှတ် - ၁၃

ဦးဆောင်စည်သူဝင်း နှင့် ၁။ ဦးမောင်နီ
၂။ ဒေါ်ကြည်

တရားလို တရားပြိုင်များ

ပဲခူးမြို့၊ ဥယျာဖြူသစ်ရပ်ကွက်၊ ဓမ္မစေတီလမ်း၊ ဆည်မြောင်းကျောင်း ရှေ့နေ အမှတ်(၁) တရားပြိုင် ဦးဆောင်နီ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးဆောင်စည်သူဝင်းက "၂၆-၉-၂၀၂၃ ရက်စွဲပါ နည်းဥပဒေ ၁ အရ ဦးမောင်နီနှင့် သင်ဘောတူ အိမ်ခင်ပွန်းဖြစ်ခြင်း အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသည့် မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကြီး ပြုလုပ်ချုပ်ဆို့ပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိ သည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပ ပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးနှင့်အမိန့်အရရှာနေနှင့်ဖြစ်စေ၊ သို့တည်း မဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး တစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၆ ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆြဲကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုသွဘက် ထုချေရှုင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ရှက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလို့က ကြည်ရွှေလိုသည့် စာချုပ်အတာမ်းများနှင့် သင်က ထုချေတင်ပြအဖို့ပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလို့လျှင် အမှုမဆိုင်ဒီလေးနက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၁၁ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သိန်းမိုး)
တွဲဖက်မြို့နယ်တရားသူကြီး(၃)
ပဲခူးမြို့နယ်တရားရုံး

အများသိစေရန်အသိပေးကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သုခသိဒ္ဓိရပ်ကွက်၊ တိုက်(၆၁၁၁)၊ အခန်း(၀၁)နေဦးမောင်ကို (ဘ) ဦးဖိုးလုံး ၅/ဝလန(နိုင်)၁၁၆၄၅၅၅ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

နေပြည်တော်၊ ဒဂ္ဂိဏာသီရိမြို့နယ်၊ ၉/ဒဂ္ဂိဏာသီရိတောင်ရပ်၊ ရှမဝ(၀၈)လမ်း၊ မြေကွက်အမှတ်(ဒ-၃၂၂၅)၊ အကျယ်အဝန်း(၈၀x၈၀)ပေရှိ ဒေါ်ဆွေမာလွင် အမည်ပေါက် နှစ်(၃၀) ဂရန်မြေကွက်ကို ဆက်ခံစံစာချုပ်များဖြင့် ဝယ်ယူ ပိုင်ဆိုင်ထားသူ ဦးဆောင်ဝင်းစော် ၈/ဓမန(နိုင်)၁၂၄၁၉၄ က ရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြုရောင်းချသဖြင့် ကျွန်ုပ်မှ အပြီးအပိုင်ဝယ်ယူရန် အတွက် အရောင်းအဝယ်ပြုလုပ်ရန် သဘောတူခဲ့သည့်ရောင်းကြေးငွေ၏ တစ်စိတ် တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေမှုပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်အား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံ ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမှရင်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စ ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမောင်ကို ၅/ဝလန(နိုင်)၁၁၆၄၅၅၅
ဖုန်း-၀၉-၄၀၂၅၄၄၅၅

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒဂ္ဂိဏာသီရိမြို့၊ ဒဂ္ဂိဏာသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(စ/ဒဂ္ဂိဏာသီရိအလယ်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၀၇၄၄)၊ မြေဧရိယာ(၀.၁၄၆)ကေရှိ ဦးစန်းဝင်းထံမှ ခေါ်ချိန်ဝင်း(ဘ)ဦးမောင်ဝင်း ၁၃/ကလန(နိုင်)၀၇၂၇၃၉ အမည်ပေါက် နှစ်(၃၀)မြေကွက်ကို ဒေါ်ချိန်ဇော်ဝင်းထံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ် (၂၈၁၈ / ၂၀၂၃) (၁၆-၈-၂၀၂၃)ရရှိထားသူ ဦးမျိုးမြတ် (ဘ)ဦးကျော်ဝင်းသင်း ၁၀/မလန(နိုင်)၁၄၃၃၂၅၅(ဘ) ဦးမြေမောင် ၇/၁၃န(နိုင်)၁၆၁၈၀၅၉၄ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံမြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်နှိပ်စာများ၊ အထောက် အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဦးစီးဌာနသို့ ဤကြေညာ ချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာနဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒဂ္ဂိဏာသီရိမြို့၊ ဒဂ္ဂိဏာသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ဒဂ္ဂိဏာသီရိတောင်ရပ်၊ မြေကွက်အမှတ်(ဒ-၃၀၇၉၂)၊ မြေဧရိယာ(၀.၁၄၆)ကေရှိ ဦးစန်းဝင်း (ဘ)ဦးသန်းဝေ ၁၂/အစန(နိုင်)၀၇၂၉၉၇ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဦးစန်းဝင်းထံမှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ် (၃၇၇၇/ ၂၀၁၉) (၂၀- ၁၁-၂၀၁၉) ရရှိထားသူ ဦးဆောင်မျိုးဝင်း (ဘ)ဦးစိုရဲနှင် ၁၄/မအန(စည်)၀၀၀၀၃၄၄ ဒေါ်ယဉ်ရွှဲ့ဝင်း(ဘ) ဦးဌေးရီ ၉/သပက(နိုင်)၀၄၉၃၄၂၂၄ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်နှိပ်စာများ၊ အထောက် အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဦးစီးဌာနသို့ ဤကြေညာ ချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၄၁၅၈ ယာဉ်လက်ဝယ်ရှိသူ ဒေါ်သောင်းလွင် ၁၀/မလမ(နိုင်)၁၁၅၉၉၇က ယာဉ်မှတ်ပုံတင်စာအုပ် (က၀-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနမြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8B/7507 ယာဉ်လက်ဝယ်ရှိသူ ဦးမောမက်ယူနွတ် ၁၀/ပန(နိုင်)၀၈၈၆၆၁၀က ယာဉ်မှတ်ပုံတင်စာအုပ် (က၀-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနမြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၉၈၄၆ ယာဉ်လက်ဝယ်ရှိသူ ဦးကံစွမ်းလှ ၁၀/မလမ(နိုင်)၁၃၈၅၅၉၀က ယာဉ်မှတ်ပုံတင်စာအုပ် (က၀-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနမြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နေ ဒေါ်ငြိမ်းဖြာဝေ ဂ/ကပက(နိုင်)၀၉၇၄၇၇ ၏ မိခင် အမည်မှန်မှာ ဒေါ်တင်တင်ဆွေနှင့် ဒေါ်တင်တင်ယုဟု အမည်(၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ် တစ်ဦးတည်းသာ ဖြစ်ပါကြောင်း။

ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ညောင်ဦးမြို့၊ အမှတ်(၂)၊ ယွန်းတန်းရပ်နေ(၁၁) ဦးတင်မောင်လင်းဏာသား၊ မောင်မင်းသုတ ၉/ညဥန(နိုင်) ၁၆၉၄၉၉ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်း ကြား ပေးပါရန်။

ဖုန်း-၀၉-၂၀၄၂၅၀၃

ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ညောင်ဦးမြို့၊ အမှတ်(၂)၊ ယွန်းတန်းရပ်နေ(၁၁) ဦးစိုင်းအုန်း ကျော်ဇာသီးမီး မနန်းမွေခမ်း ၁၃/နခန (နိုင်) ၀၆၄၇၁၅ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

ဖုန်း-၀၉-၆၆၁၈၆၉၉၁၇

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

တောင်ငူမြို့နယ်၊ ကေတုမတီမြို့၊ သဝန်ငယ်ရပ်ကွက်၊ အကွက် အမှတ် နှင့်အမည် ၆/အားကစားကွင်းအရှေ့၊ ဦးပိုင်အမှတ်(၁၀၈၈)၊ ဧရိယာ (၀.၁၁၆ ၁၂၄)ကေအား ဦးဆောင်မြင့်မှ မြေငှား ဂရန်ရလာရောက် လျှောက်ထားလာ ပါသောကြောင့် ကန့်ကွက်လိုသူများ အနေဖြင့် ဤကြော်ငြာစာ ထုတ်ပြန်ရက်မှ ၁၅ရက်အတွင်း ဤမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ် မှတ်ရက်ကျော်လွန်သည်အထိ ကန့် ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်း နှင့်အညီ ဦးဆောင်မြင့်အား မြေငှား ဂရန်အသစ် ထုတ်ပေးလိမ့်မည်ဖြစ် ကြောင်း အများသိစေရန် ကြော်ငြာ အပ်ပါသည်။

မြို့နယ်အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဒဂ္ဂိဏာသီရိမြို့နယ်တရားရုံး
၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၈

မပြည့်ဖြိုးဝေ နှင့် ကိုနိုင်လင်း(ခ)ကိုဇော်လင်းဦး (ခ)ကိုထွန်းထွန်း
တရားလို တရားပြိုင်

နေပြည်တော်၊ ဒဂ္ဂိဏာသီရိမြို့နယ်၊ ဂူနစ်လုံးဆယ်စုအုပ်စု၊ ပျဉ်ထောင် ကျေးရွာနေ ကိုနိုင်လင်း (ခ)ကိုဇော်လင်းဦး(ခ)ကိုထွန်းထွန်း (ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို မပြည့်ဖြိုးဝေက အကြင်လင်မယားအဖြစ်မှ ကွာရှင်း ပြတ်စဲပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအွင့်အဖြစ်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး တစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဧပြီလ ၃ရက် (၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၆ရက်) နံနက် ၁၀ နာရီတွင် အထက်ကအမည် ရေးသားပါရှိသူ တရားလို့စွဲဆိုချက်ကို ရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရ မည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလို့က ကြည်ရွှေလိုသည့် အမှုနှင့် သက်ဆိုင် သော စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအဖို့ပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သင်က ထုချေလွှာ တင်သွင်းလို့လျှင် အမှုမဆိုင်ဒီလေးနက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ မတ်လ ၁၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မေသွဖိုင်)
ဒုတိယမြို့နယ်တရားသူကြီး(၁)
ဒဂ္ဂိဏာသီရိမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ကွင်း/အကွက် အမှတ်နှင့်အမည်(RA-III/ကွက်ပြင်)၊ ဦးပိုင်အမှတ်(၁၁-ဏ)။ မြေဧရိယာ (၀.၁၁၈ ၁၁)ဧကရှိ မြေကို ဒေါ်နန်းမြေအေး ၉/မရတ(နိုင်) ၁၈၃၀၀၉ အမည်ဖြင့် ဂရန် သက်တမ်းတိုးလျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါကလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါ သည်။

မြို့နယ်/ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ညောင်လေးပင်မြို့၊ မြို့ ၈(ဌ)ရပ်ကွက်၊ ရပ်(၇)၊ ကျွန်းကလေးပိုင်းရပ်၊ ဦးပိုင်အမှတ်(၄၈)၊ မြေကွက်အမှတ် (၇၀)၊ ဧရိယာ(၀.၁၆၆၁)ကေအား ဦးဇော်မြင့်-ဒေါ်တင်မာဝင်းမှ ဘိုးဘဝိုင်းအမည်ပြောင်း လျှောက်ထားမြေ အရှေ့ဘက်၌ ဦးပိုင်အမှတ်(၄၇)၊ အနောက်ဘက်၌ ဦးပိုင်အမှတ် (၄၈က)၊ တောင်ဘက်၌ ဦးပိုင်အမှတ်(၆၂)။ မြောက်ဘက်၌ ရန်ကုန်-မန္တလေး ကားလမ်းတည်ရှိပြီး ကန့်ကွက်လိုပါက (၉-၄-၂၀၂၅) ရက်မတိုင်မီ ဆိုင်ရာ အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူ မရှိပါက ဘိုးဘဝိုင်းအမည်ပြောင်း ခွင့်ပြုပေးမည်ဖြစ်ကြောင်း ကြော်ငြာ လိုက်သည်။

မြို့နယ်မြေစာရင်းဦးစီးဌာန၊
ညောင်လေးပင်မြို့

မောင်ပြည့်ဝ (မန်းဇေသီ) ရိုက်ကူးတင်ဆက်သည့်
ပွဲညှာရဲ့ ဇာတ်ခုံ (အပိုင်း-၈)
မင်းသား ချမ်းညီညီ၏ ' စိန်အရောင်ဖြယ်စီ ချမ်းညီညီ ' နှစ်ပါးအက အလှ
(ဒုတိယပိုင်း)
ON MRTV Replay
၁၆-၃-၂၀၂၅ (တနင်္ဂနွေနေ့) ည (၈) နာရီ
၁၇-၃-၂၀၂၅ (တနင်္လာနေ့) ည (၈) နာရီ
ON MRTV MRTV
၁၅-၃-၂၀၂၅ (စနေနေ့)၊ ည (၉) နာရီ
မင်းသား ချမ်းညီညီ၊ ဇွဲဟန်ဟိန်း၊ ရဲရဲ၊ မင်းသမီး ဆန်းဌေခင်၊ နိုဘယ်လျှိုင်၊ သီရိ၊ ခိုင်မိမိ
ဌေးသွေး၊ ငယ်လာ၊ ချစ်ကို၊ Pig ကြီး၊ ဒီတိဒီတိ

လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နေ ဒေါ်ဆည်းဆာဖြိုး ၇/ပခန(နိုင်) ၄၅၅၅၁၁ နှစ် ဒေါ်ဆည်းဆာမှာ အမည်(၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းသာ ဖြစ်ပါကြောင်း။

လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ကြောင်း

ကန့်ဘလူမြို့နေ (ဘ)ဦးဖေခင်၏သား ၅/ကလ၀(နိုင်) ၀၃၃၉၂၇ ကိုင်ဆောင်သူ ဦးမောင်မောင်ချောနှင့် ဦးမောင်ချော သည် လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/20321 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သော်တာမျိုးဝေ ၅/ရာန(နိုင်)၁၇၀၆၅၅ က ယာဉ်မှတ်ပုံတင်စာအုပ် (က၀-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနမြေစာရင်းဦးစီးဌာန၊
ရွှေဂိုမြို့

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ (၄၈/သံသင်း)၊ မြေကွက်အမှတ် (၁၀၀၄)၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ ဦးအေးသောင်း (ISN-284726)အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုး ခံစားခွင့်အရပ်ရပ်များအားလုံးအား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူ ပိုင်ဆိုင်ထားသူ ဒေါ်နီနီသိမ်းထွန်း(ဘ)ဦးငင်းထိန် (၁၂/ရဟသ(နိုင်)၀၆၆၃၉၂)မှ ၎င်းတစ်ဦးတည်းပိုင်ဆိုင်ပြီး ပိုင်ဆိုင်မှုအရပ်ရပ်အရင်းကင်းရှင်းရုံ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုကြောင်းလာသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်စုစုငင်း(ဘ)ဦးကျော်ငင်း (၇/သဝတ(နိုင်)၀၈၆၇၀၆)မှ အပြီး အပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ) ကို ပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက် လိုသူများရှိပါက ခိုင်လုံသောစာချုပ် စာတမ်းမှရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးမွန်ထက် (LL.B) ဦးရဲဝေလွှဲ (LL.B)
တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ
(စဉ်-၉၉၇၉/၂၀၁၄) (စဉ်-၅၂၉၄၄/၂၀၁၉)
ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၂)၊ ပြင်ဦးလွင်မြို့၊
ဖုန်း-၀၉-၄၅၆၃၅၆၄ ဖုန်း-၀၉-၆၁၀၇၉၆၆၆၂

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

